
www.dhammaransi.com

# အကျွတ်အလွတ်

# တရားသမိုင်း

၁

www.dhammaransi.com



နာဂလိုဏ်ဂူ ကလေးဝ ဆရာတော်

( အကျွတ်အလွတ်စေတီများ ပြုပြင်မွမ်းမံလျက် ရှိသည် )

www.dhammaransi.com

၉ရ၃၁

ကျွတ်မုဋ္ဌောစေတီ

ခေါ်

# အကျွတ်အလွတ်ဘုရား

# သမိုင်း

နှင့်

## နန်းဦးရွှေဘုံသာ စေတီသမိုင်း

အမျိုးသား စာပုံနှိပ်တိုက်၊
အမှတ် ၂၄၁၊ ကြည့်မြင်တိုင် အောက်လမ်း၊
အလုံ စာတိုက်အနီး-ရန်ကုန်မြို့။

www.dhammaransi.com

၂၈၁.၃၅
ဗဒတ
၅၇၃၁

အဖိုး ၁-ကျပ်။

Printed and Published by
U Hla Din,
(No. 021)
The National Printing Works,
241, Lower Kemmendine Road, Rangoon.

www.dhammaransi.com

# နိဒါန်း။

သမိုင်း ဟူသည်မှာ တယောက်သော ပုဂ္ဂိုလ် တစုံတခုသော ဝတ္ထုတို့၏အနွယ်မပျက်ဆင်းသက်လာခဲ့သော အကြောင်းအရာ အထုပ္ပတ္တိကိုဖေါ်ပြသော ရှေးစကားဟောင်းတို့ကို ခေါ်လေသည်။ မော်ကွန်း ၌ လည်း မော်သဒ္ဒါ အတ္ထုပ္ပတ္တိ ဟော၊ ကွန်း သဒ္ဒါမင်းတို့ စံနေရာ နန်းတော်ဖြစ်သည်။ ရှေးအခါက သမိုင်း စာပေကို စကားပြေ သက်သက်နှင့် ရေးသားကြ ၏။ အင်းဝ ခေတ်ဦးလောက်၌ လေးလုံးစပ်, ရတု, ကဗျာ,ကဲ့သို့ အသံကိုပိုင်းခြားကာ ရွတ်ဆိုရသောကြောင့် သံပိုင်းဟု ခေါ်ဟန်ရှိ၏။

တဖန် သံပိုင်းမှ သမိုင်းဖြစ်လေသည် ဟုဆို၏။ အချို့ ဆရာတို့လည်းသမုတ်သဒ္ဒါမှဆင်းသက်လာသောကြောင့် သမိုင်းဟုခေါ်ကြသေး၏။

ရာဇဝင်ဆိုသည်မှာ- ဗုဒ္ဓဝံသ၊ ဗုဒ္ဓဝင်။ မဟာဝံသ၊ မဟာဝင်။ ရာဇဝံသ၊ ရာဇဝင် ဟု ဝံသမှ ဝင် ဖြစ်လာလေသည်။ ဝံသ၊ အနွယ်၊ သဒ္ဒါတို့သည်အနွယ်အဆက်ကို ဟောသည်ဖြစ်ရကား ရာဇဝံသ၊ ရာဇဝင် ဖြစ်လာ၏။

N. P. w. A

www.dhammaransi.com





လယ်တီ အသျှင်ပဏ္ဍိတ

www.dhammaransi.com



အနှယ်မှလည်း အနွယ်ဖြစ်၍၊ အနွယ်မှ နွဲ့ ဖြစ်လာပြန်သည်။ ဗညားနွဲ့၊ မဟာနွဲ့ စကားကိုထောက်ပါ။

ထို့ကြောင့် သမိုင်းခေါ်ရာမှလည်း ဇာရပ်၊ တန်ဆောင်း၊ ဂူကျောင်း၊ ဘုရားစေတီ၊ ရုပ်ပွား၊ မင်းစိုးရာဇာ၊ မြို့ပြ၊ ပြည်ခွင်တို့၏ အကြောင်းကိုသာပြဆိုရေးသားရမည့် စာပေများကို သမိုင်းဟု ခေါ်တွင်ခဲ့၏။

အတ္တသဉ္စုပ္ပတ္တိ၊ အထုပ္ပတ္တိ၊ အထုပ္ပတ္တိယေဝအာဌုပ္ပတ္တိ၊ သာတေသအတ္ထိတိ အဌုပ္ပတ္တိကော....ဟု သဲလက္ခာန် ဋီကာဟောင်း၊ ဋီကာသစ်တို့၌လာသည်၊

ဤကျွတ်မှုတွေ့သမိုင်းသစ် အကျွတ်အလွတ်သမိုင်း ၌လည်း ပဲခူး၊ ဟံသာဝတီဖြစ်လာရခြင်း၏ အကြောင်း၊ ၎င်း ဟံသာဝတီမင်းတို့ အနွယ် မပျက် ဆင်း သက် အုပ်စိုးခြင်း၊ ထို့ပြင် စေတီရုပ်ပွား စသည်များပြုလုပ်တည်ထားခဲ့ခြင်း စသောသာသနာပြုပုံ အခြင်း အရာများကို ရေးသားရပေမည်။ သို့ရာတွင် သမိုင်းတစောင် တဘွဲ့ ရေးသားရာမှာလည်း လွယ်ကူသော အလုပ်မဟုတ်ပေ၊ သက္ကရာဇ် အမှတ် အသားတို့ မှာလည်း တစောင်နှင့် တစောင် မညီညွတ်၊ အချို့လည်း အကိုး အကား အထောက်အထားမနိုင်လုံဘဲ အတ္တနောမတိနှင့်သာရေးသားကြ၏။ ပညာရှိတို့ မနှစ်သက်နိုင်ပေ။

www.dhammaransi.com



ဤကျွတ် မုတ္တောစေတီတော်၏တည်ရှိရာ ဟံသာဝတီ တိုင်းကား၊ ဓမ္မစေတီမင်း လက်ထက် ရေးထိုးသော ကလျာဏီကျောက်စာမှာ သက္ကရာဇ် ၈၂၀-ပြည့်ရေးထိုး သည်။ ကုသိမ မဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ မုတ္တမ မဏ္ဍလ သုံးပါးတည်း၊ တိသုံးရာမည မဏ္ဍလသေး...ဟုလာသဖြင့် ရာမည တိုင်း သုံး ရပ် တို့ တွင် ဟံသာ ဝတီ မဏ္ဍလ ဖြစ်လေသည်။

ထိုရာမညတိုင်းတို့ကား သက္ကရာဇ် ၂၃၆-ခု သုဝဏ္ဏ ဘူမိ သထုံပြည်၌ ရဟန္တာအရှင် သောဏနှင့် ဥတ္တရတို့ မူလပထမ သာသနာအနွယ် ဆင်းသက်လာခြင်း၊ ဒုတိယ အကြိမ် အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းမှ ၉၃၀-ပြည့် တွင် ပိဋကတ်တို့ကိုကူးယူခဲ့ခြင်း၊ တဖန် ရှေးအခါကလည်း ရာမညတိုင်း သုဝဏ္ဏဘူမိသထုံပြည် မဟာသီရိမာသောက မင်းလက်ထက် ဂဝံပတိရဟန္တာပင့်ခဲ့သော ၃၃-ဆူသော သွား တော် ဓာတ် တော် တို့ ကို ဣန္ဒ ခနု တောင် ကျောက်စေတီ၌ ဌာပနာခဲ့၏။ နောက်မှတဖန် ရာမည တိုင်း သုံးရပ်သို့ ပြန့်နှံ့၍ ဟံသာဝတီမြို့အနောက်ဘက် နားတွင် ရှေးအခါက မုဓဝါ ယခုခေါ် မော်ဓောစေတီ၌ သွားတော် ဓာတ်တော်ရှိကြောင်းလာ၏။ အချို့ဆရာ တို့လည်း ကလျာဏီသိမ်အနီး မဓဝ စေတီ၌ ဌာပနာ သည်...ဟုဆိုသည်။

www.dhammaransi.com



ပဲခူး ဟံသာဝတီပြည်ကား သာမန်မဟုတ်ချေ၊ ရှေးမင်း အဆက်ဆက်တို့ ကိုးကွယ် ထားခဲ့သော ဆံတော် သွားတော်၊ ဓာတ်တော်တို့တည်ရှိရာဌာနလည်းဖြစ်ခဲ့၏။ ဥက္ကလာပ ဒဂုံတွင်လည်း ဆူးလေစေတီ၊ ဗိုလ်တထောင် စေတီ၊ ကျိုက္ကစံ စေတီတို့ သည်လည်း ဆံတော်စစ် ရှိကြောင်းသမိုင်းတို့၌လာ၏။

အထူးအားဖြင့် ကမ္ဘာ၏ကျက်သရေကို ဆောင်ခါ အံ့တပါး အပါအဝင်ဖြစ်၍၊ ရွှေရောင် တဝင်းဝင်းနှင့် တင့်တယ် စံပါယ်လျက်ရှိသော ရွှေတိဂုံ စေတီ တော် မြတ်ကြီးမှာလည်း တဖုဿ၊ ဘလ္လိကတို့ပင့်ဆောင်ခဲ့သော ဆံတော်စစ်ရှိကြောင်း သမိုင်းရာဇဝင် အစောင်စောင် တို့၌ လာ၏။ ဤပဲခူး ဟံသာဝတီ ပြည် ၌ လည်း ရွှေမော်ဓော စေတီတော် မြတ်ကြီးသည် ဆံတော်နှင့် သွားတော်စစ် ရှိကြောင်း လာ၏။ ထို့ပြင် မိဂါဒိဗ္ဗဝ မင်းတည် နဂါးရုံဘုရား၊ ရွှေသာလျောင်းရုပ်ပွားတော် တိဿမင်းတည် ကျိုက်ပတိုင်၊ ကျိုက်ကလွန်ပွန်းစေတီ။ ရာဇဓိရာဇ်၏ သားတော် ဗညား ဓမ္မရာဇာတည်။ အကျွတ်အလွတ်စေတီ၊ အောင်စည်ရှန်းစေတီ ငင်းစေတီ တို့ကို နာဂလိုဏ်ဂူ ကလေးဝတောကျောင်းဆရာတော် ဘုရားကြီးသည် တောခြုံတို့ကို ခုတ်ထွင်ရှင်းလင်းပြီး၊ ယခုအခါ ပြုပြင်မွန်မံနေဆဲဖြစ်ပေသည်။

www.dhammaransi.com



အောင်စည်ရွှန်း စေတီမှာ ဗညားဓမ္မ ရာဇာမင်း လက်ထက် ဤနေရာမှနေ၍ အောင်စည် တီးရသော ကြောင့် အောင်စည်ရွှန်းတွင်သည်။ ယခုတိုင် စည်တီး လေးရွာရှိသေးပေသည်။ ဓမ္မစေတီမင်းသည် ရွှေဂူကြီး၊ ဗောဓိဂူ၊ သတ္တဋ္ဌာန၊ ဘိက္ခုနီမကျောင်း၊ ကျိုက်ပွန် ဘုရား၊ ကလျာဏီသိမ်၊ နိဗ္ဗာန်ကလိုဏ်သိမ်၊နာရဏီသိမ်၊ နာဂဝံသိမ်တို့ကို တည်ထားလေသည်။

ထိုပြင် ဘုရင့်နောင်သည် သက္ကရာဇ် ၉၂၁-ခု ဝါဆို လဆန်း ၅-ရက် ကြာသပတေးနေ့ ကောင်းမှုတော် မဟာစေတီကိုအုတ်ပနက်ချ၏။ထိုမဟာစေတီပွဲတော်တွင် သဘင်ကြီးစွာခံ၍ ဓာတ်တော်ပို့သည့်နေ့၌ ရာဇဒေဝီ မိဖုယားမှ သက္ကရာဇ် ၉၂၁-ခု၊နတ်တော်လဆန်း ၁၄-ရက် တနင်္ဂနွေနေ့ သမီးတော်ကိုဘွားမြင်၍ ရာဇဓာတုကလျာ အမည်သမုတ်သည့် ရတုကဗျာဆရာတို့ ရေပန်းစား နေသော အလှဘုရင်မ ရာဇ ဓာတု ကလျာမင်းသမီး၏ ခရီးဆောင် အငယ်စားကျောက်ပြင်တချပ် ရွှေမော်ဓော ဘုရားပြတိုက်အတွင်းမှာရှိသည်။

ထိုမင်းသမီးနှင့် နတ်သျှင်နောင်တို့ အကြောင်းကို ကဗျာဂီတ ဆရာတို့ စိတ်ဝင်စားစွာရေးသားကြကုန်၏။ အင်္ဂလိပ် မင်းလက် ထက် ၁၂၅၁-ခု ပဲခူး၌ သံတံတား ဆောက်သည်။ ၁၂၃၅-ခု တာဝ မြစ်ကျိုး ချောင်းကို

www.dhammaransi.com



တူးမြောင်းဖေါက်သည်။ ၁၂၄၅-ခု ရန်ကုန်မှ ပဲခူးသို့ ရထားလမ်းဖေါက်သည်။

ပဲခူး (ဒီဝိဇံ) ခေါ် ခရိုင် နယ် အုပ် ချုပ် သော မင်းကြီးသည် ရန်ကုန်မြို့တွင် ရုံးစိုက် ခဲ့ရာ ထိုရုံးမှာ အတွင်း ဝန် ရုံး အ ရှေ့ ဘက် အရှေ့ပေါက် အ ဝင် မြောက်ဘက်အောက်ထပ်၌ တည်ရှိခဲ့လေသည်။ အင်္ဂလိပ် လက်ထက် ပဲခူးခရိုင်လုံးလူဦးရေများမှာ (၂.၅၄၉,၆၁၇) ရှိ၍၊ ဒိစတြိဒ်အကျယ်အဝန်း ဧရိယာ စတုရန်မိုင်ပေါင်း ၄၀၇၁-ကျယ်သည်။

ဤသည်လျှင် ရာမညတိုင်း ပဲခူး ဟံသာဝတီ ပြည်၌ အုပ်စိုးခဲ့ကြသော မင်းအဆက်ဆက်တို့သည် သာသနာ အရှည် တည်တန့် စေခြင်းငှာ ကိုး ကွယ် တည် ထား အပ်သော စေတီရုပ်ပွားစသည်တို့ကိုရှင်း၊ သာသနာ အမွန်အစ ဆင်းသက်ဆက်နွယ်လာပုံတို့ကိုရှင်း၊ တဖန် သမိုင်းစာပေ၌လာသော မြတ်စွာဘုရားအလောင်းတော် သည် သက္ကတိုင်း ကပ်ပိလဝတ်ပြည် ဒေဝဒဟ ပြည်တို့၏ အကြား လုမ္ဗိနီ ဉယျာဉ်တော်ဝယ် မယ်တော်မာယာ ကြာတိုက်ခန်းမှ မီးရှူးသန့်စင် ဘွားမြင်တော် မူခြင်း၊ တော ထွက် တော် မူခြင်း၊ ဘုရား အဖြစ်သို့ ရောက်၍ ဓမ္မစကြာတရားဟောတော်မူခြင်း၊ မြတ်စွာဘုရားသည် ဟံသာဝတီပြည်၌ဗျာဒိတ်စကားဟောကြားတော်မူခြင်း၊

www.dhammaransi.com



ပဲခူး ဟံသာဝတီအမည်တွင်ခြင်း၊ ထိုပဲခူးဟံသာဝတီပြည်၌ မင်းအဆက်ဆက်တို့ အုပ်စိုးခြင်း၊ မင်းနေပြည်ပြတ်လတ်ခဲ့ခြင်း၊ ခယဝယအဓဝ သဘောသို့သက်၍၊ လောကဓံတရားတို့နှင့် ရင်ဆိုင်ခဲ့ရခြင်းစသည်တို့ကို ပြဆိုရာ ပြဆိုကြောင်းဖြစ်သော ဤကျွတ်မုတ္တော သမိုင်း စာပေကို ကြည့်ရှုကြရသော သုတေသန သုတဂဝေသီ ဖြစ်ကြကုန်သော အကြင် ရဟန်း, ရှင်, လူ ပုဂ္ဂိုလ် တို့ အား လွယ်ကူစွာ သိနိုင်စေခြင်းငှာ ရေးသားအပ်ပါသတည်း။

လယ်တီအသျှင်ပဏ္ဍိတ
နာဂလိုဏ်ဂူ
ကလေးဝတောကျောင်း
ရန်ကုန်မြို့။

www.dhammaransi.com

### အကျွတ်အလွတ်ခေါ်

# ပဲခူးသာသနာဝင် ကျွတ်မုဌေ့ာ သမိုင်း

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**တိုင်းကြီးသောဌ္ဍဿ။**

စကြာဝဠာ အနန္တရှိရာတွင် တခုသော စကြာဝဠာ လောကဓာတ်၏ တည်ဟန်၊ ဖြစ်ဟန်၊ အခြင်းအရာကား၊ အလျား-အနံ အားဖြင့် ယူဇနာ တသန်း, နှစ်သိန်း, သုံးထောင်, လေးရာ, ငါးဆယ် ကျယ်၏။ အဝန်းအားဖြင့် ယူဇနာ သုံးသန်း, ခြောက်သိန်း, တသောင်း, သုံးရာ, ငါးဆယ်ရှိ၏။ စကြာဝဠာ ကုဋေတသိန်းသည် ဗုဒ္ဓတဆူ၏ အာဏာစက်နှံ့ရာခေတ်ပေတည်း။

ထိုစကြာဝဠာ အနန္တတို့တွင် ကျွန်ုပ်တို့ စကြာဝဠာ သာလျှင် သဗ္ဗညု ပိုင်ရှင် ဗုဒ္ဓတို့၏ ဖြစ်ထွန်း ပွင့်ပေါ်ရာ စကြာဝဠာ ဖြစ်လေသည်။ ဤစကြာဝဠာ တွင်လည်း၊ ကျွန်းကြီး လေးကျွန်း ရှိရာ ကျွန်ုပ်ဘို့ ဇမ္ဗူဒီပါ လက်ျာ တောင်ကျွန်းသာလျှင် ဘုရားပွင့်ရာကျွန်း ဖြစ်ပေသည်။ ဇမ္ဗူဒီပါ လက်ျာတောင် ကျွန်းတွင်လည်း၊ အရှေ့သို့ လားသော်ဇင်္ဂလနိဂုံး၊ ယခု ဗိဟာရ်နယ် ပရဂနာ ဒိစတြိဒ်

www.dhammaransi.com



အရှေ့တောင်လားသော် သလာဝတီမြစ် ယခုဆီလာအီမြစ် ဗိဟာရ်နယ် တောင်ပိုင်းနှင့် အနောက်တောင်လားသော် မိဒနပုရ ဒိစတြိဒ်၊ တောင်ပိုင်းသို့ လားသော် သေတကဏ္ဏိကနိဂုံး ဗိဟာရ်နယ်တောင်ပိုင်း ဟာဇာရီဘာဒိစတြိဒ် အနောက်ဘက် ထုနပုဏ္ဏားရွာ ဒိလ္လီမြို့ (ဒေလီ) မြောက်ဘက် ကာရ်ကာလဒိစတြိဒ်မြောက်သို့ လားသော် ဥသိရဒ္ဓဇတောင်၊ ဒိလ္လီမြို့(ဒေလီ) အ ရှေ့ မြောက် မိုင်(၁၂၀)ဝေးသော ဟာရိဒွါရ (ဟာရ်ဒွါရ်) နယ် အပိုင်းအခြားရှိသော ဤနယ်နိမိတ် ငါးရပ်အတွင်းကျရောက်ရာ မဇ္ဈိမဒေသ အရပ်သည်သာလျှင် ဗုဒ္ဓတို့ပွင့်ကြမြဲ တံထွာဓမ္မတာ ဖြစ်ပေသည်။ တဖန် ထိုမဇ္ဈိမဒေသ အလယ်ချက် ဗဟိုရ်ဗောဓိမဏ္ဍိုင် ရောက်ရာအရပ်ကို ပတ်လည် ဝန်းရံလျက် တိုင်းကြီးတဆယ့်ခြောက်တိုင်း ပြည်ကြီး နှစ်ဆယ်တို့ ရှိကြကုန်၏။

တိုင်းကြီးတို့ကား။ အင်္ဂ။ မဂဓ။ ကာသိ။ ကောသလ။ ဝဇ္ဇီ။ မလ္လ။ စေတိယ။ ဝံသ။ ကုရု။ ပဉ္စာလ။ မစ္ဆ။ သူရသေန။ အဿက။ အဝန္တိ။ ဂန္ဓာရ။ ကမ္ဘောဇတို့ ပေတည်း။

ပြည်ကြီးတို့ကား၊ ဗာရာဏသီ။ သာဝတ္ထိ။ ဝေသာလီ။ မိတ္ထိလာ။ အာဠဝီ။ ကောသမ္ဗီ။ ဥဇ္ဇေနီ။ တက္ကသိုလ်။ စမ္ပါ။ သာဂလ။ သံသုမာရဂိရိ။ ရာဇဂြိုဟ်။ ကပိလဝတ်။

www.dhammaransi.com



သာကေတ။ ဣန္ဒပဋ္ဌနဂိုရ်။ ဥက္ကဋ္ဌ။ ပါတလိပုတ်။ စေတုတ္တရာ။ သင်္ကဿနဂိုရ်။ ကုသိန္နာရုံတို့ ပေတည်း။

**မှတ်ချက်။** ။ရဋ္ဌသဒ္ဒါတိုင်းဟော။ နဂရသဒ္ဒါမြို့ဟော၊ ပုရသဒ္ဒါပြည်ဟော၊ အချို့နေရာ၌ ပုရကို မြို့ဟော၊ နဂရကိုပြည်ဟောကြ လေသည်။ ပုပုသဒ္ဒါသည်။ ပါလနေ၊ စောင့်ခြင်း၌ဖြစ်၏။ ဣတိ၊ ဤကားခတ်။ ပရစက္ကဒုဂ္ဂတာယ၊ တပါးသော စစ်သည်ဝင်နိုင်ခဲ့သည်၏ အဖြစ်ဖြင့်၊ ပုနာတိ၊ စောင့်ဘတ်၏။ အဿ၊ ထိုမြို့အား။ နဂါပါသာဒါဒယော။ ပြသာဒ်စသည်တို့သည်၊ သန္တိ၊ ရှိကုန်၏။ နဂရံ၊ နဂရမည်၏။ နဂါ အဿတ္ထီတိ နဂရော။

## ဇမ္ဗူဒိပ်လာပွင့်ရာဌာန။

အကျဉ်းအားဖြင့် ဤဘဒ္ဒကမ္ဘာတွင် ဇမ္ဗူဒီပလကျွာ တောင်ကျွန်း မဇ္ဈိမဒေသ အဝန်းယူဇာ ကိုးရာရှိသော အရပ်၊ အလယ်ချက် ဗဟိုဌာန၊ မဟာဗောဓိပင် အနီး ရွှေပလ္လင်ထက်၌ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ ဘုရားသခင်ပွင့်တော်မူလေသည်။

မဟာဗောဓိကား၊ သုံးပါးပြားသည်။ (၁) ဇေယျ ဗောဓိ။ (၂) ဖလရုဟ ဗောဓိ။ (၃) ခက္ခိဏာသာခါ

www.dhammaransi.com





ဘုရားပွင့်တော်မူရာ ဗောဓိပင်

ဗောဓိ။ မာရ်ငါးပါးကို အောင်မြင်ခြင်းသည် ဇေယျ ဗောဓိ။ ညီတော်အာနန္ဒာသည် မြတ်စွာဘုရား၏ စကားတော်အားဖြင့် ဗောဓိပင်မှ အသီးကိုယူဆောင်၍ အစေ့ကိုစိုက်ရာ၊ မြေပထဗျာမှဆောလျင်စွာ ချက်ခြင်း ပေါက်ရောက်သည့်အပင်ကို ဖလရုဟာဗောဓိခေါ်၏။ မြတ်စွာဘုရား ဝါတော်နှင့်ဆယ်ကျော်မှ စိုက်သည်။ ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီး၏ သမီးတော် သင်္ဃမိတ္တာထေရီမသည်၊ မဟာဗောဓိပင်မကြီး တောင် ကိုင်းမှယူဆောင်၍ သီဟိုဠ်ကျွန်း၌ စိုက်သော ဗောဓိပင်

သည် ဒက္ခိဏာသာခါပေါဓိမည်၏။ ပေါဓိပင်ဆိုသည်မှာ မြတ်စွာဘုရားနှင့် ညောင်ပင်တို့ကို ဥပစာမျှသာ တင်စား၍ခေါ်သည်။ စင်စစ်မှာ သဗ္ဗညုတဉာဏ် စသည်တို့ကိုသာ ဆိုသည်။ ဗုဒ္ဓဆိုသည်မှာ ....

"ဗုဇ္ဈတိ ဇာနာတီတိ ဗုဒ္ဓေါ။ ဗုဇ္ဈတိဝိကာသတီတိဝါ
ဗုဒ္ဓေါ။ ဗုဇ္ဈတိဇာဂရောတီတိဝါဗုဒ္ဓေါ။ ဗုဇ္ဈတိနိဗ္ဗာနံ
ဂစ္ဆတီတိ ဝါ ဗုဒ္ဓေါ။ ဗုဇ္ဈိတာ သစ္စာနီတိ ဝါ ဗုဒ္ဓေါ။
ဗောဓေတာ ပဇာယာတိဝါဗုဒ္ဓေါ။ အထဝါဗုဇ္ဈိတဗ္ဗံ
ဉာတဗ္ဗန္တိဗုဒ္ဓံ၊ ဉာဏံ။ တမေတဿတ္ထီတိ ဗုဒ္ဓေါ။
ဒွေဝဋ္ဋမူလာနိဝါ ဥဒ္ဓရတီတိဗုဒ္ဓေါ။

ဟူ၍ ဝိဂြိုဟ်များစွာရှိသေး၏။ကျယ်အံ့စိုး၍ မထည့်ပြီ။

မာရ်ငါးပါးကိုအောင်တော်မူသော ဂေါတမမြတ်စွာဘုရား၏ ဇာတိချက်ကြွေ အရပ်မြေကား။ ဟေမဝန္တာအနီး သက္ကာတိုင်းကြီး အပါအဝင် ကပ္ပိလဝတ်ပြည်ပင် ဖြစ်ပေသည်။ ကျမ်းတကျမ်း၏အဆို၌၊ သက္ကတိုင်းကား ဟိမဝန္တာအနီး နေပါလခေါ် နီပေါလ်ပြည်နယ်သို့ တစိပ်တဒေသဝင်၍ အများဖြင့် အင်္ဂလိပ်ပိုင်ခဲ့သော အိန္ဒိယပြည် နယ် အတွင်း မှာ တည် ရှိ ပြီး အ နောက် ဘက် ကောသလတိုင်း အရှေ့ဘက် မလ္လာတိုင်းတို့၏ အကြား အယောဓယခေါ် အယုဒ္ဓယနယ်၏ အရှေ့ပိုင်း ဗသတိ

www.dhammaransi.com



စီရင်စုအရှေ့ လောင်ဂျီတွဒ် ၇၂°-၇၄° ဒီဂရီ မြောက်လာဒ်တီတွဒ် ၂၆° နှင့် ၂၇° ဒီဂရီမှာ ဂေါတမ ဗုဒ္ဓ မွေးဘွားခဲ့သည် ဟု ဆို၏။

ထို့ကြောင့် ပလိပ်ရွာ ကိုစားသော မင်းရာဇာဘွဲ့ခံ ဦးဖျော်သီကုံးသည့် စေဥ့်ကုံးမင်း နားတော်သွင်းခေါ် ပလိပ်စား ချောင်းပုဒ်ရေ(၁၄) စာမျက်နှာ (၂၅)၌ -

ဇေယျသေန၊ နရိန္ဒ၏၊ သားလှသက်စု၊ သီဟနုလျှင် ပြိုင်တုလွတ်ကျွန်း၊ ဘရာမြန်းသော်၊ ဘုန်းတန်းတေဇာ၊ ပြင်းအာဏာနှင့် ရင်းချာယောက်ဖ၊ အဥ္စနလျှင်၊ ဒေဝဒဟထွတ်ပြည်မသာစံ၊ ဘိသိက်ခံ၏၊တရံရောခါ၊ နှစ်ကောဇာမူ၊ ပါဏာသိန္ဓု၊ ဆပသျှသို့၊ မှန်မူမချွတ်၊ ရေးကုံတုံလတ်သော်၊ မင်းမြတ်နှစ်ဘော်၊ ရှင်ကျော်ဒေဝီ၊ တပသီတို့၊ ညှိညီနှိုင်းဆ၊ တိုင်ပင်ကြ၍၊ နဝစန္ဒေ၊ ဖျက်ချေဖြိုပြီး၊ ရှေးပုံမှီးလျက်၊ တသီးနာဂတ်၊ သုဇီဓါတ်နှင့်၊ ယူမှတ်တွက်ရန်၊ အဲဝမန်တွင်၊ နှုတ်ရန်ရှုပ၊ မုနိဆနှင့်၊ ဆိတြကော၊ ဤမျှသာတည့်၊ ဘောမရသ၊ ဆသုညနှင့်၊ ရှုပမယုတ်၊ ကြမ္ဗတ် နှုတ်လော၊ ဥဇ္ဇဗိုလ်မှ၊ အင်္ဂဒွေးဆနှင့်၊ ဂေဟနှုတ်ဘိ၊ ဤမျှရှိ၏၊ တတိယရက်စန်း၊ လာဒ်မြောက်ပြွမ်းပြီး၊ ခွဲခြမ်းသုံးထွေ၊ နှုတ်၍ချေက၊ တာရက်ရဟု၊ သီလမြဲမြန်၊ ပြတ်ရှင်ပျံလျှင်၊ စီမံထူးဆန်း၊ ကိန်းခန်း

www.dhammaransi.com



ဉပဒေ၊ ထားခဲ့ပေသည်။ စေ့ရေတွက်ရေး၊ မရှုတ်ထွေး၊ ဟူ၍ ရေးသားခဲ့လေသည်။

သဗ္ဗညုဘုရား ထင်ရှားပွင့်တော်မမူမီ။ သာကီဝင်မျိုး ဖြစ်သော ဉက္ကာကရာဇ်၊ ဉက္ကာမုခမှစ၍ အနွယ်မပျက် ဆင်းသက် လာခဲ့ရာ ဘုရားရှင်၏ဘိုးတော် ခမည်းတော် သုဒ္ဓေါဒနမင်း၏ အဘ ဇေယျသိန်မင်းကြီး၏ သားတော် သီဟနုမင်းနန်းစံလျက်ရှိ၏။ ဒေဝဒဟတိုင်းပြည်၌လည်း ဘုရားသခင်၏ ဘိုးတော်၊မယ်တော်၊ မဟာမာယာဒေဝီ၏ အဘ၊ ဒေဝဒဟမင်း၏သား၊ အဉ္စနမင်းကြီးလည်း နန်းစံ လျက်ရှိ၏။ ထိုဘုရားသခင်၏ ဘိုးတော်နှစ်ပါးတို့သည်။ ထီးပြိုင် နန်းပြိုင် စံစားကြသောအခါ၊ ထိုမင်းနှစ်ပါး တို့သည် ကောဇာသက္ကရာဇ် ပါနဝသိန္ဓု၊ ဆပသျှ၊ ၈၆၄၅- ခုနှစ်ကို ဆရာ ဒေဝိလရသေ့နှင့် တိုင်ပင်ပြီး၊ နဝစန္ဒေကိန်းဖြင့် သက္ကရာဇ် ဖြိုဖျက်ခါ၊ အသစ်တဖန် စခဲ့ကြရာမှ၊ မဟာ သက္ကရာဇ် ၆၇-ခုနှစ်၊ ငါဆိုလပြည့်၊ ဉတ္တာရသန် နက္ခတ်နှင့် စန်းယှဉ်သော အခါ၊ ဘုရား အလောင်းတော်သည် မယ်တော်မာယာ၏ ကြာတိုက် ခန်း၌ ပဋိသန္ဓေ တည်နေတော်မူ၏။

ထိုဘုရားလောင်း ဘွားတော် မူသော ကပိလဝတ်ပြည်၏ အစအဉီး တည်ထောင်သူနှင့် တိုင်းပြည်ကို ကပိလဝတ်ခေါ်တွင်ခြင်း အကြောင်းကား

www.dhammaransi.com



ဗာရာဏသီပြည် ဥက္ကာကရာဇ်မင်း၏ မိဖုယားကား။ ဟတ္ထာ၊ စိတ္တာ၊ ဇန္တု၊ ဇာလိနီ၊ ဝိသာခါ၊ တည်းဟူသော မိဖုယား ငါးယောက်အနက်။ ဟတ္ထာမှ၊ မွေးဖွားသော သားတို့ကား ဥက္ကာမုခ၊ ကရကဏ္ဍ၊ ဟတ္ထိနိက၊ နိပုဏ၊ လေးယောက်၊ သမီးတော်တို့ကား၊ ပိယာ၊ သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတာသေနာ။ ငါးယောက်။ ဟတ္ထာမိဖုရား၏ သားတော် လေးယောက်၊ သမီးတော် ငါးယောက်တို့သည် ဆင်မြင်းဗိုလ်ပါတို့ကို ယူဆောင်ပြီး မြို့ရာ ရှာကြရာ၊ ကျွန်ုပ်တို့ ဂေါတမ ဘုရားလောင်း ဖြစ်သော ကပိလပုဏ္ဏားကြီးသည် ဃရာဝါသမှ စွန့်ခွာပြီး ဟိမဝန္တာနံပါး ရေကန်၏အနီး ကျွန်းတောကြီး၌ သခ်မ်း ဆောက်၍နေစဉ် မြို့ရွာရှာသောမင်းသားတို့နှင့် တွေ့လေ၏။ ထိုအခါ ကပိလရှင်ရသေ့သည် မင်းသားတို့ ရောက်လာသည်ကို မေးမြန်းရာ မင်းသားတို့က "ကျွန်ုပ်တို့ မြို့ ရာ ရှာ လို သော ကြောင့် လာ ရောက် ပါ သည်" ဟု လျှောက် ထား ကြ လေ၏။ ထို အခါ ရသေ့ ကြီးသည် မင်းသားတို့ အပေါ်၌ သနား၍ "အသင် မင်း သား တို့ ဤ နေ ရာ သည် ဒွန်း စဏ္ဍား သ း သည် ပင် ဖြစ် စေ၊ စကြာဝတေးမင်း၏ အာဏာကဲ့သို့ ဘုန်းကြီးလိမ့်မည်" ဟု ပြောဆိုသောအခါ မင်းသားတို့လည်း ထိုနေရာ၌ မြို့ရွာ တည် ထောင်ကြကုန်၏။ ကပိလ ရှင်ရသေ့၏ နေရာတွင်

www.dhammaransi.com



တည်သောကြောင့် ကပ္ပိလဝတ္ထု၊ ကပ္ပိလဝတ်ပြည်ဟု သမုတ်ကြလေ၏။ တနည်း၊ နေပါလနေ အမည်ရှိသော ရသေ့ မုနိသည်။ ပါလ၊ စောင့်ရှောက်တတ်သော မင်းမျိုးမင်းနွယ်ဟုဆိုလိုသည်။

နေပါလမှ နိပါလ်-နီပေါလ်ဖြစ်သည်။ ၎င်းနီပေါလ်ခေါ် ကပ္ပိလဝတ်ပြည်အနီး လုမ္ဗိဏီအင်ကြင်း ဥယျာဉ်တော်၌ ဘုရားလောင်းကို မယ်တော်မာယာ ကြာတိုက်ခန်းမှ မီးရှူး သန့်စင် ဘွား မြင်တော်မူ၏။ သစ်ချ တောင် ဆရာတော်ရေး တိုင်းကြီး သောဠသ မြေပုံကျမ်း၌ ကပ္ပိလဝတ်တိုင်းသား သာကီဝင်မျိုးတွေဟာ သာကီဝင် အမည် ပြောက်ပြီး ကပ်ဦးမှ အနွယ်မပျက် ဆင်းသက် လာသော အသမ္ဘိန္နခတ္တိယမျိုးဖြစ်၍ ခတ္တိယမှာ ချတြိယ ဖြစ်ပြီးလျှင် ယခု ချတြိယလူမျိုးခေါ်သည်ဟု ဆိုသည်။ ဆင်ခြင်လေ။

**ငါတို့ဘုရား နေမင်းမျိုး၊ နေမင်းဆွေ ဖြစ်သော ကြောင့်၊ အထောက် အထား သက်သေ တို့ကား—**


အာဒိစ္စောနာမ၊ ဂေါတ္တေန၊ သာကိယောနာမ ဇာတိယာ၊ တမှာကုလာ၊ ပဗ္ဗဇ္ဇိတော၊ နကာမေ အဘိ၊ ပတ္ထယံ။ ။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ ငါကား။ ဂေါတ္တေန၊ အနွယ်အားဖြင့်။ အာဒိစ္စောနာမ၊ အာဒိစ္စ

www.dhammaransi.com



ဝင်မင်းမည်၏။ ဇာတိယာ၊ အမျိုးအားဖြင့်၊ သာကိယောနာမ၊ သာကီဝင်မည်၏။ တမှာကုလာ၊ ထိုအာဒိစ္စဝင် သာကီဝင်မင်းမျိုးမှ။ ကာမေ၊ ကာမဂုဏ်တို့ကို။ နအဘိပတ္ထယံ၊ မလိုချင်မတောင့်တဘဲ၊ ပဗ္ဗဇ္ဇိခတာ၊ ရဟန်းပြု၏။



ဘုရားလောင်းဖွားမြင်ရာ လုမ္ဗဏီ
ဥယျာဉ်ရှိ ဗောဓိပင်

ဤသို့ ပဗ္ဗဇ္ဇိသုတ်၌ ဟောထားသည်ကို မဟာသမတမင်း၏ အနွယ် အဆက်မှန်သမျှ အသမ္ဘိန္န ခတ္တိယဖြစ်သော

www.dhammaransi.com



မင်းတို့သည် အာဒိစ္စဝင် နေထွက်ဘုရင်၊ နေနတ်မျိုး နေမင်းရိုးပေတည်း။

သုဒ္ဓေါဒနစကြာမင်း၊ မန္ဓာတု- စကြာမင်း၊ အသောက မင်းတို့ကား- ပထဗျာရာဇာမင်း ခေါ်၏။ သီဟိုဠ်မင်းတို့ကား ပဒေသရာဇာမင်းမည်၏။ ဗိမ္ဗိသာရနှင့် ကောသလ မင်းသည် မဏ္ဍလိကရာဇာ၊ ဤကားအထူးတည်း။

ကောလိယပြည်ကား၊ ယခင်ဆိုခဲ့သော ဟတ္ထာ မိဖုယားမှမွေးဖွားသည့် သမီးတော်ပိယာနှင့် ယာမမင်းတို့ တည်ထောင်ကြလေကုန်၏။ ဒေဝဒဟပြည်ကား ကပိလဝတ် သာကီဝင်မင်းသားတို့ နှစ်လို့စဘွယ်ရှိသော ရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျော်းသဘင် ပျော်ရွှင် ကစားကြသည့် နေရာ၌ အကြောင်းပြု၍ ဒေဝဒဟတွင်သည်။ ထိုကြောင့်ရှေးဆရာတို့က “ဒေဝဒဟ၊ ကပိလ၊ နှမနှင့်မောင် ပြည်တည်ထောင်သား” ဟု စပ်ဆိုကြ၏။

**ဘွားတော်မူခြင်း။**

ကမ္ဘာဦး၌ မဟာသမတမင်းမှစ၍ ကျွန်ုပ်တို့ ဂေါတမ ဘုရားလောင်း အထိ အကျဉ်းအားဖြင့် ရေတွက်သော်၊ သုံးသိန်း, သုံးသောင်း, လေးထောင်, ငါးရာ, ခြောက်ကျိပ် ကိုးယောက် ဖြစ်ကုန်၏။ ဥက္ကာကရာဇ်မင်းမှ သိဒ္ဓတ္ထမင်း တိုင်လည်း ရှစ်သောင်း, လေးထောင်, တကျိပ်, သုံးယောက်

www.dhammaransi.com



ရှိ၍ သိဒ္ဓတ္ထမင်းသား၏ ခမည်းတော် သုဒ္ဓေါဓနမင်း မယ်တော်ကား သီရိမဟာမာယာ၊ သုဒ္ဓေါဓန၏ ခမည်း တော်ကား သီဟဟနုမင်း၊ သီရိမဟာမာယာ၏ ခမည်းတော် အဥ္စနမင်း။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသား၏ ဘိုးတော်မှာ ခမည်းတော်၏ဘက်မှ သီဟဟနုမင်းဖြစ်၍ မယ်တော်ဘက်မှ အဥ္စနမင်းပင်ဖြစ်လေသည်ကိုရည်ရွယ်၍ ဘိုးတော် အဥ္စနမင်းတရား ဟူသော ခေါ်ဝေါ်ခြင်းမှာ နှုတ်ဟက်စွာ ပြောဆိုကြခြင်းဖြစ်ပေသည်။ ထို့ကြောင့် သာရ ကထာ၌—

(၁) ဒေဝဒဟ၊ ကောလိယ၊ ဌာနကပိလဝတ်မှာ။
(၂) ဘေးတော် ဇေယျ၊ ဘိုးသီဟ၊ အဘသုဒ္ဓေါ၊ ရွှေနန်းပျော်၊ သားတော် သိဒ္ဓတ္ထာ။
(၃) ဒေဝဒဟ၊ ဘေးသက်ကျ၊ ဘိုးမှအဥ္စနာ။
(၄) တရာသက်တွင်၊ နှစ်စုဝင်၊ ရောက်ချင်နီး ကာသာ။
(၅) သီရိမဟာ၊ မာယာမယ်တော်၊ ရွှေနန်းပျော်၊ သက်တော်ချိန်သင့်စွာ။
(၆) နှစ်စုဝင်နီး၊ မြတ်ဘုန်းကြီး၊ ယှဉ်မျိုးထိုးရာခါ။
(၇) လေးဆယ့်သုံးနှစ်၊ ကြံစီစစ်၊ နှစ်လမာသာ ရောက်သည်ခါ။

www.dhammaransi.com



(၈) ဆယ်ရက်အကျန်၊ ပဋိသံ၊ အမှန်စွဲယူကာ။

(၉) စတုမဟာရာဇ်၊ နတ်မင်းစစ်၊ စောင့်လစ်ရန်မကွာ။

(၁၀) ပွင့်ဖူးငုံကင်း၊ နံ့မယွင်း၊ အင်ကြင်းမင်္ဂလာ။

(၁၁) နွံ့ကာညွတ်လျက်၊ အင်ကြင်းခက်၊ ရွှေလက်စွဲကိုင်ကာ။

(၁၂) ဥယျာဉ်စံထား၊ ရပ်လျက်ဘွား၊ ဘုရားမမွှတာ။


မဟာသက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်နေ့ ဥတ္တရာသန်နက္ခတ်နှင့် စန်းယှဉ်သောအခါ ပဋိသန္ဓေနေတော်မူ၏။

မဟာသက္ကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့ တချက်တီး အချိန် သိဟ်လဂ်၊ ဗြိစ္ဆာစန်း၊ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဘွားတော်မူ၏။

ရှုတ်ထွေးမဲ့အောင်၊ ဘန်ဆောင်ခဲ့ထ၊ မြှော်မြင်လှသား၊ သိဟာနု၊ နတ်ဘုံလုသော်၊ မျက်ရှုသားတော်၊ မင်းသုဒ္ဓေါ် လျှင်၊ မပေါ် မုဒိမ်း၊ ရန်မျိုးငြိမ်းလျက်၊ ခွန်သိမ်းယူခါ၊ ဘုရားလျာကို၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ဘွင်၊ ခေတ်ဇာတိရပ်၊ ကြွင်းမလပ်အောင်၊ ထပ်ထပ်သံဟည်း၊ တုန်လှုပ်ကြည်းမျှ၊ ကျော်သည်းထိန့်ဆူ၊ သွားတော်မူ၏။ (ပလိပ်စာချောင်း)

www.dhammaransi.com






စဉ်နက္ခတ်
၁၅-လုံး
၃-ပတ်
၁၀-ဗိဇနာ

ဘိုးတော်ကဉ္စနမင်း ဖြိုကြွင်း သက္ကရာဇ်၆၈၁ခု၊ ကဆုန်လပြည့် သောကြာနေ့ မွန်းတည့် ၂-ချက်တီး၌ ဘွားမြင်တော်မူသည့် ဇာတာတော်။

## ပညာရှိတဦးရေး—
## ဇာတာတော်ဘွဲ့တေးထပ်

ဆဒ္ဒါန်ဆင် ပူးရဝိတို့၊ အထူးရှိပြီသာ။ ။ မေထုန်က ဂြိုဟ် သီဟာ၊ ဟိုင်းလက်ပါသိဟ်တွဲ။ ။ဗြိစ္ဆာစန်းကုံဇီဝါ၊ မိန်နာဂါ ထား လျက် မ လွဲ။ ။လော က လုံး ပရမေ၊ အစိန္တေလွန်ကဲ၊ သဗ္ဗညာဏ်ရအောင်ခဲစေဘို့၊ ဘွားမြင်နဲ ကောဇာ။ ။ခြောက်ဆယ်ကြုံအင္ဂ၊ ကဆုန်လပြည့်လာ

www.dhammaransi.com



သည်ခါ။ ။ပူးမင်းနေ့မွန်းတည့်ခါ၊ မြတ်ဗုဒ္ဓါဇာတောပ၊ ဘဂဝါစော အလောင်းမြတ်ဆွေ၊ ထွန်းတဲ့နှစ်ပေ။ သိဒ္ဓတ္ထ အတုလေမှာ၊ ဝေါဟာရေဘွဲ့ထူးပလေး။

ဘွားတော်မူပြီး သက်တော် တဆယ့်ခြောက်နှစ် မဟာသက္ကရာဇ် ၈၄-တွင် ငယ်မည်အားဖြင့် ဘဒ္ဒကစ္စနာ၊ အမည်ရှိသော ယသောဓယာ မိန်းမမြတ်နှင့် လက်ထပ် ထိမ်းမြားခါ ရွှေနန်းသုံးဆောင် ထက်၌ စံပယ်တော် မူသည်။

**မင်းစည်းစိမ်ကို စံတော်မူခြင်း။**

(၁) ထိုမှဘုံသော်၊ ထိန်းရပျော်၊ သက်တော်ရွယ် ရောက်ခါ။

(၂) တဆယ့်ခြောက်နှစ်၊ ရောက်တုံလစ်၊ ပျိုမြစ် ချိန် သင့်စွာ။

(၃) ရသော်ပျိုစစ်၊ ဒေဝရာဇ်၊ ဥသစ်ရွှေပမာ။

(၄) ဆွေတော်အများ၊ နုထွားထွား၊ ထိမ်းမြား မင်္ဂလာ။

(၅) ရမ္မသုဘ၊ သုရမ္မ၊ စံကြရွှေနန်းသာ။

(၆) ခြံရံလေးသောင်း၊ မောင်းမပေါင်း၊ မင်းလောင်းစံပျော်ကာ။

www.dhammaransi.com



**တောထွက်တော်မူခြင်း။**

ရမ္မ-သုဘ-သုရမ္မဟုဆိုအပ်သော ပြာသဒ်ထက်၌ မင်း၏ စည်းစိမ်များကို တဆယ့်သုံးနှစ် စံစားတော်မူပြီး သက်တော် နှစ်ဆယ်ကိုးနှစ် မဟာသက္ကရာဇ် ၉၇-ခု၊ ဝါဆိုလ၌ သားတော်ရာဟုလာကို ဘွားမြင်ပြီး တနင်းလာနေ့ ညဥ့်သန်းခေါင်ယံအချိန် တောထွက်တော်မူ၏။

ထိုကြောင့် မဟာသီလဝံသအကျော်စပ်ဆိုသည်ကား ဒေဝဒဟ၊ ကောလိယဟု၊ ခွန်သဦးကိုင်၊ နှစ်ခရိုင်ထက်၊ မဏ္ဍိုင်ထိပ်မှန်း၊ ပြည်တော်နန်း၌၊ ကြင့်နှန်းစာမှတ်၊ ကောင်းကင်ထွတ်မှ၊ စက်မြတ်တေဇ၊ သုံးကျွန်းငှသို၊ အာဒိစ္စဝင်၊ မင်းစင်ရှစ်သောင်း၊ သုံးပြည်ပေါင်းကို၊ အုပ်ဆောင်းခဲ့မြောက်၊ ရောက်အံ့ရက်စေ့၊ ခုနစ်နေ့တွင်၊ စက်ရှင်ရဲရဲ၊ ပေါ်လုဆဲလျက်၊ စွန့်ဖဲသက်သက်၊ တောကြီးထွက်၍ ဟု စပ်ဆိုလေသည်။

မတုန္နိုးဆွယ်၊ သုံးဆောင်လယ်၌၊ နှစ်ဆယ်နှစ်ကိုး၊ စံပယ်စိုးဘ၊ တံပိုးလှိုင်းတွန့်၊ စုံဆန်မွန်းလျက်၊ ပင်ပန်းကန်လေ၊ များဗိုလ်ခြေကို၊ ယာဉ်တွေသမုတ်၊ ဝဲကထုတ်၍၊ ဝိသုဒ္ဓိပြည်၊ အောင်ရပ်ဆီသို့၊ ပို့မည်စိတ်ကွန့်၊ ပြည်ကိုစွန့်မှ။

www.dhammaransi.com



**ပလိပ်စားချောင်း**

(၁) နှစ်ဆယ့်ကိုးနှစ်၊ ရောက်တုံလစ်၊ မင်းစစ်ချိန်သင့်စွာ။

(၂) ရှင်ပျော်စံစား၊ ဥယျာဉ်သွား၊ သိကြားမသည်သာ။

(၃) အိုနာသေသူ၊ ယူစိမ့်ရဟန်း၊ နိမိတ်မှန်း၊ စိတ်ဝမ်းကြည်နူးစွာ။

(၄) နတ်တို့မစ၊ ထွက်လေကြ၊ ချမ်းမြညဉ့်အခါ။

ဥယျာဉ်ဆိုသည်မှာ ဟတ္ထိပါလ ကိုးခန်းပျို့တွင်-နံ့သာပန်းမလ်၊ အလွန်ဖြင်ညီး၊ သစ်သီးဆိမ့်ချို၊ လိုမတလျှင်း၊ မှည့်ရွှမ်းပြင်းတည့်၊ လက်ရင်းဝယ်ချည်း၊ ပေါပည်းထပ်မျှ၊ ဆွတ်ချမနိုင်၊ ပင်ခိုင်လှကျိုင်း၊ ပြိုင်းရရိုင်းတည့်၊ ခက်ဆိုင်းရွက်စိပ်၊ စုံချမ်းရိပ်တိ၊ ပျော်ဘွယ်ရှိသား၊ သီရိမဟာ' တောခန်းဝါသို့၊ မလာဖူးသေး၊ ဝေးတားမြေတာ၊ လူတကာကို၊ လာလှည့်နိုးဆော်၊ ခေါ်ဘိသော့လား၊ လာဘုံငြားလည်း၊ မသွားစေအောင်၊ ချည်နှောင်သောနည်းဟုစပ်ဆိုသည်။

**မင်းရဲဒိဗ္ဗ ချောင်းတွင်လည်း။** ။တွေးတွေးနှရင့်၊ သီးပွင့်ရွှမ်းပြန်၊ နွေသန်ဟေမ၊ ကာလရာသီ၊ ကုန်ပြီမဆို၊

N. P. w. 2

www.dhammaransi.com



ချဉ်ချိုဆိမ့်လေး၊ ကြိုင်မွှေးပန်းမလ်၊ နန္ဒဝန်နှင့်၊ သဏ္ဍာန်တူစွာ၊ ဥယျာဉ်သာသို့၊ ရောက်လာသသူ၊ နတ်လူပျော်မွှေ၊ ရပ်ရွာမေ့၏ဟု စပ်ဆိုထားလေ၏။


သုဒ္ဒေါဓနကား။ သုဒ္ဓ၊ သြဓန-ပုဒ်ဖြတ်။ သုဒ္ဓ စင်ကြယ်သော၊ သြဓန-ထမင်းရှိသူ၊ စင်ကြယ်သော၊ ထမင်းရှိသူ ဆိုလိုသည်။ ယသောဓရာမင်းသမီး၏ အခြားအမည်တို့ကား ဗိမ္ဗာ၊ ဘဒ္ဒကစ္စနာ၊ ရာဟုလမာတာ ဟူသော အမည်တို့ဖြစ်သည်။ သားတော်ရာဟုလာ ခေါ် ခြင်းမှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်တော်၌ရှိနေစဉ် သားတော်ဘွားမြင်ကြောင်းကို သတင်းရသောကြောင့် "ရာဟုဇာတော ဗန္ဓနံ ဇာတံ"ဟု ဘိုးတော် မင်းကြီးက ရာဟုလာဟု အမည်ပေးသည်။ ရာဟု၊ ရာဟုသည်။ ဇာတော၊ ဘွားပြီ။ ဗန္ဓနံ၊အနှောင်အဖွဲ့သည်။ မေ၊ ငါ့အား။ ဇာတံ၊ ဖြစ်ပြီဟုဆိုသည်။

**ဘုရားဖြစ်တော်မူခြင်း**

တောထွက်တော်မူပြီးသောအခါ သူတပါးတို့ အလွန်ကျင့်နိုင်ခဲလှစွာသော အကျင့်တော် ဒုက္ကရစရိယာကို ခြောက်နှစ်မျှ ကျင့်တော်မူပြီး၍၊ အရွယ်တော် သုံးဆယ့်ငါးနှစ်၊ မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် သောကြာနေ့၌ ဗောဓိမဏ္ဍိုင်ဟု ဆိုအပ်သော ဗုဒ္ဓဂါယာ မဟာဗောဓိ ဒေသတွင် လောကသုံးပါး၌ ရှေးဦးစွာ

www.dhammaransi.com





မဟာဗောဓိစေတီတော်

ဝိဇ္ဇာဉာဏ်အလင်းပေါက်ပြီး မြတ်သောဘုရားအဖြစ်သို့ ရောက်တော်မူသည်။

မတွန့်ကျင့်မှန်၊ ခြောက်နှစ် လွန်သော်၊ ဘဝန္တရ၊ သဗ္ဗညု ဟု၊ ဇမ္ဗူ့ဦး စွန်း၊ ရွှေညောင် နန်း တက်၊ သောင်ကမ်းဘက်မဲ့၊ ပွင့်တုံခဲ့မှဟူ၍ ပလိပ်စာ ချေင်း၌ စပ်ဆိုထားလေသည်။

(၁) ဝိဇ္ဇာသုံးဦး၊ ငုံပွင့် ဖူး၊ ကြည်နူး သောက် ရောင်ခါ။

www.dhammaransi.com



(၂) ငါး မာရ်အောင်နိုပ်၊ ဘုန်းတော်ရိပ်၊ သောင်းထိပ်ကျော်စောစွာ။
(၃) ငါးမာရ်နှိမ်ချိုး၊ ခေါင်ထိပ်မိုး၊ တန်ခိုးကျော်ဝှန်ဝါ။
(၄) ငါးမာရ်နှိမ်နင်း၊ ထိန်ထိန်လင်း ထုတ်ချင်းထိ အာကာ။
(၅) ငါးမာရ်အောင်မြင်၊ ကြည်သန့်စင်၊ လေးအင် ပွင့်သစ္စာ။
(၆) ညွန့်ရှင်လန်းလန်း၊ နံ့မခန်း၊ တောပန်း ကြိုင်နံ့သာ။
(၇) ပွင့်သစ်ဖူးငုံ၊ ညွန့်ပြည့်စုံ၊ ကဆုန်ခေါ် ဝေါဟာ။
(၈) ဘုရားဖြစ်စ၊ ကဆုန်လ၊ ပြည့်ထပုဏ္ဏမာ။

**စမ္မစကြာတရား ဟောတော်မူခြင်း။**

သတ္တလောကီ၊ ခိုင်နှင်းဆီကို၊ ကိုယ်တိုင်ဆွတ်ခူး၊ ညာဏ်တော်စူးသည်၊ လူ့မှူးသခင် ဘုရားရှင်သည် အဝိဇ္ဇာတည်းဟူသော တောအုပ်မြိုင်အတွင်း၌ စမ်းတဝါးဝါးနှင့် လမ်းလျှောက်သွားကြရသော သတ္တဝါဗိုလ်ခြေများသူတွေကို လွန်စွာသနား ကရုဏာထားတော်မူသဖြင့် မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလဆန်း တဆဲ့

www.dhammaransi.com



ငါးရက် စနေနေ့၌ ဗာရာဏသီပြည် မိဂဒါဝုန် တောရိပ်မြုံ၌ ပဥ္စဝဂ္ဂီငါးဦးတို့အား အမှူးထားလျက် နတ်ပေါင်းအသင်္ချေ၊ ဗြဟ္မာပေါင်း တဆယ့် ရှစ်ကုဋေအား သစ္စာလေးပါးတရားကို ဟောကြားတော်မူ၏။

(၁) ဗြဟ္မာသဟံ၊ လျှောက်ကြားပြန်၊ ချိန့်တန်ထိုခရာခါ။

(၂) ဝဂ္ဂီကျေးဇူး၊ တင်ပေဘူး၊ ရှေးဦးဟောအံ့ငှာ။

(၃) ပညာမရင့်၊ ရေတွက်ချင့်၊ ငံ့လင့် ဆယ်ရက်သာ။

(၄) ထိုဆယ်ရက်တွင်၊ မြတ်နိုးရှင်၊ ဝန်းကျင်ဝေးစရာ။

(၅) ဝါဆိုပုဏ္ဏမီ၊ ပြည့်ဝန်းညီ၊ ကြွချီမိဂဒါ။

(၆) ထိုသည့်ညဉ့်ပင်၊ မြတ်ချစ်ရှင်၊ ဟောချင်ဒေသနာ။

(၇) ထိုသို့ငါးပါး၊ အစဉ်အား၊ ရညာ်း မဂ်သောတာ။

(၈) အနတ္တလက္ခဏာ၊ ဟောဖော်ပြ၊ ကျွတ်ထငါးရက်မှာ။

(၉) ငါးယောက်လုံးပင်၊ ထိုနေ့တွင်၊ ဖြူစင်ရဟန္တာ။

www.dhammaransi.com



## ဝါဆိုလ

ရှေးရှေး ကျောက်စာများတွင် နွေတာလ ဟူ၍ရင်း၊ နွယ်တာလဟူ၍ရင်း ရေးသားကြ၏။

## ကဆုန်ခေါ်သည်မှာ

ကံဥဒကာံ၊ ဆိန္ဒတီထိကဆိန္န ံ။

။ယောမာသော၊ အကြင်လ,သည်။ ကံဥဒကာံ၊ရေကို၊ ဆိန္ဒတိ၊ ဖြတ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သောမာသော၊ ထိုလ,သည်။ ကဆိန္န ံ၊ ကဆုန်မည်၏။

## (မာဂဓ အဘိဓာန်) ဋီကာ

ဝါနရသီသံ၊ တံသဏ္ဌာနေ ဝါ ပါသာဏော ဝွေ အတ္ထီတိ၊ ဝါနရသီ သဏ္ဌဝတ္တမ္ဘေ ဝဿဗတ္တ ံ ဇဏ္ဌာ ပရိယာယံ၊ ဒိဿ ံ နဿ ဏတ္တ ံ လောပ ဥ ကတွာ၊ ဗာရဏသီတိ ဝုတ္တ ံ။

ဝါနရသီသ ပုဒ်သည် ဝ ကို ဗပြု န နှင့် ရ ကို ရှေ့ နောက်ထား၊ အ သရကို အာဒီဃပြု နယ်ကို ဏကြီး အက္ခရာပြု၊ သ အက္ခရာချေ ဗာရဏသီ ဖြစ်ပေသည်။

ထိုဗာရဏသီပြည်ကား ဥဒယဘဒ္ဒဇာတ်တွင် သုရုန္ဓန၊ စူဠသုတသောမ ဇာတ်တွင် သုဒဿန၊ သောဏဒန္တ

www.dhammaransi.com



ဇာတ်တွင် ဗြဟ္မဝဍ္ဎနု၊ ခဏ္ဍဟာလ ဇာတ်တွင် ပုပ္ဖဝတီ၊ ယုဒ္ဓဉ္စယဇာတ်၊ ရမ္မာနဂရ ဟူ၍၊ အမည်ငါးပါး ပြား ကြောင်းကို စရိယာပိဋကတ် အဋ္ဌကထာ၌လာသည်။

အယံ ဗာရာဏသီ ဥဒယဇာတကေ၊

သုရုန္ဓန နဂရံနာမ ဇာတာ။ ။

မင်းလှယဉ်နုပျို၌ ရုန္ဓန၊ သုဒဿနနှင့်၊ ဗြဟ္မဝဍ္ဎနု၊ ပုပ္ဖဝတီခေါ်ညီ ရမ္မနဂရဟု၊ တွင်သငါးမည် ထိုရွှေ ပြည်ကားဟူ၍ရင်း။

စူဠသုတသောမ ဇာတကေ သုဒဿနံနာမ။

အာဒါသမုခပျို့၌ သုရုန္ဓန၊ နာမပညတ်၊ သုဒဿန၊ ဗြဟ္မဝဍ္ဎနာ ပုပ္ဖဝတီ ခေါ်ညီ တတွေ ရမ္မနဂရ တွင်ထ ငါးဖြာ၊ ပြည်ဗာရာကို။

သောဏာဒန္တ ဇာတကေဗြဟ္မ ဝဍ္ဎနံနာမ၊

ခဏ္ဍဟာလဇာတကေ၊ ပုပ္ဖဝတီနာမ။

သံဝရပျို၌ သုရုန္ဓန၊ စသည်ငါးပါး၊ ထင်ရှားရှေးခါ၊ ကျော်စောစွာသား၊ ဗာရဏသီဟူ၍ရင်း။ စရိယပိဋကတ် အဋ္ဌကထာကိုမှီး၍ အသီးသီးစပ်ဆိုခဲ့ကြလေသည်။


ငါတို့ဂေါတမ မြတ်စွာဘုရားသခင်သည် ဓမ္မစကြာ တရားဟောရာ မိဂဒါဝုန်တောကား ဗာရဏသီပြည်အနီး မှာရှိပေသည်။

www.dhammaransi.com



ထိုကြောင့်၊ ရှေးသူဟောင်းတို့သည် ဘိုင်းမသိ ဗာရာဏ၊ မင်းမသိ ဗြဟ္မဒတ်၊ လူမသိ မောင်အဝှာဟု ခေါ်ကြ၏။ မြတ်စွာဘုရား အလောင်းတော်မှာလည်း ဗာရဏသီပြည်၌သာ အဖြစ်များသည်ဟုဆိုကြ၏။

ဋမသိ်ံ ယုဓ္ဓေယ ဇာတကေရမ္မ နဂရံနာမ၊
အဟောသိ ဝေမသ ကဒါစိ နာမံ ပရိဝတ္တတိ၊
စရိယပိဋကတ် အဋ္ဌကထာပါဠိ။



ကုသိနာရုံ ဘုရားပရိနိဗ္ဗာန်စံဝင်ရာဌာန
မဟာပရိနိဗ္ဗာန စေတီ

www.dhammaransi.com



## သုဓမ္မာပူရနှင့် ဟံသာဝတီသို့ ဆံတော်ရောက်ခြင်း။

မြတ်စွာဘုရားသည် ဗာရာဏသီပြည် မိဂဒါဝုန်တောနန္ဒိယသူကြွယ် ဆောက်သော ကျောင်း၌ ပဌမ ဝါဆိုတော်မူ၏။ ဒုတိယဝါ၊ တတိယဝါ၊ စတုတ္ထ ဝါတို့ကား၊ ဗိမ္ဗိသာရမင်း ဆောက်အပ်သော ဝေဠုဝန်ကျောင်းတော်၌ဝါဆို၏။ပဉ္စမဝါကို ဝေသာလီပြည်မဟာဝုန်တောကူဋာဂါရသာလကျောင်း၌ဝါဆို၍၊ ဆဋ္ဌမဝါကိုရာဇဂြိုဟ်ပြည်မ ကုဋ္ဌပဗ္ဗတ ဘောင်ခြေ ချင်းယားတော၌ဝါဆိုတော်မူ၏။

ယင်းသို့ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ချင်းယားဘော်၌ ဝါကပ်တော်မူစဉ် ရာမညတိုင်းတုမ်းဇိုင်း၊ (ဥုင်းဇိုင်းတူ) မြို့နေ ပိဏ္ဍိက သူဌေးကြီး၏သား မဟာသာလ၊ စူဠသာလ ကုန်သည် ညီနောင်နှစ်ယောက်တို့အား ဆံတော်နှစ်ဆူကို ပေးသနားတော်မူ၍၊ ဟံသာပဗ္ဗတတောင်၏ မနီးမဝေးသုဒဿနတောင်၌ ဌာပနာလေဟု ဗျာဒိတ်စကားမိန့်ကြားတော်မူ၏။ ထိုအခါသူဌေးသားကုန်သည်ညီနောင်လည်း ဘုရားသခင်၏ဗျာဒိတ်တော်ကိုနာခံ၍ တုမ်းဇိုင်းတူမြို့သို့ ရောက်သောအခါ သုဓမ္မဝတီသထုံပြည်၌ သီဟရာဇာမင်း၊သိကြားမင်း ပိဏ္ဍိတသူဌေးတို့ ပူးပေါင်း၍ သုဒဿနတောင်၌ ဆံတော်မြတ်နှစ်ဆူကို ဌာပနာ၍ စေတီတဆူတည်ထားလေ၏။

www.dhammaransi.com



**မှတ်ချက်။** ။ကုန်သည်ညီနောင်တို့နေသော တုမ်ဇိုင်းတူမြို့ကား၊ သထုံပြည် သီဟရာဇာမင်းကြီး၏ အလံ ဦးကင်း ကျရာ နယ်စပ် နိဂုံးရွာကြီး တည်း ။

သုဒဿနတောင်မှာ၊ ယခု ရွှေမော်ဓောစေတီတော် တည်ထားသည့် ကုန်းမြေဖြစ်သည်၊ ဘုရားစေတီမှာရှေး အထက်ကာလ ကျွန်းပေါ်စက ဘုရားသခင် ဒေသစာရီ ဖြန့်ချီကြွရောက်ရပ်တော်မူသောနေရာဖြစ်၍ မွန်ဘာသာ (ကျိုက်မူးတား )ဟု ခေါ်တွင်၏။ မြန်မာပြန်သော်- ကျိုက်-ဘုရား၊ မူး-အစွန်း၊ တား-ရပ်သည်။ ရပ်သည့် အစွန်းဘုရားဟုဆို၏၊ နောက်ကာလ၊မူးတားက မူတော မူတောက မော်ဓော ဖြစ်**လာလေ**သည်။

ဟင်္သာဖိုမတို့ကိုအစွဲပြု၍ ဟံသာဝတီခေါ်တွင်ကုန်၏။ ၎င်း ဟံသာဝတီ ခေါ်ခြင်း အကြောင်းကား၊ ဟံသာဝတန္တိတ္ထောတိဟံသာ။

တ္ထေပဗ္ဗတေ ဤတောင်၌။ ဝါ၊ ကျွန်းဦးပေါ်စ ဤ ပဗ္ဗတ၌။ဟံသာ၊ ရွှေရောင်အဆင်းရှိကြကုန်သော ဟင်္သာ တို့သည်။ ဝတန္တိ၊ ဝေဟင်နဘံက လေယာဉ်ပျံ ပမာ ဆင်း သက် ကျ လာ ကုန် ၏။ ဣတိ၊ ထို့ ကြောင့်။ သောပဗ္ဗတော၊ ထိုကျွန်း တောင်ကုန်းသည်။ ဟံသာ၊ ဟံသမည်ပေ၏။ **အဓိကရဏသာဓနဝိဂြိုဟ်။**

www.dhammaransi.com



တနည်း၊ ဟံသာ တသ္မိံ ဝိဇ္ဇန္တီတိ ဟံသာဝတီ။ တသ္မိံ နဂရေ၊ ထိုမြို့၌။ ဟံသာ၊ ဟင်္သာတို့သည်။ ဝိဇ္ဇန္တိ၊ ရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံနဂရံထိုမြို့သည် ဟံသာဝတီ၊ ဟံသာဝတီမည်၏။

**အဿဃောသတန္တိတ်ဝိဂြိုဟ်၊**

ကလျာဏီကျောက်စာ၌ ဟံသာဝတီဟု ရဿနှင့်ရှိ၍ ကစ္စာယနသဏ္ဌာနခိုင်ပုံး၌ဟံသာဝတီဟု အာဒီဃနှင့်လာ၏၊ ကြိုက်ရာယူကြလေ။

## ဟံသာဝတီပြည်ကို မြတ်စွာဘုရားဗျာဒိတ်တော်ပေးတော်မူခြင်း

အစိန္တေယျ ဂုဏ်ထူး ကျေးဇူး အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ညီတော် အာနန္ဒာနှင့် ကျွန်းပင်တောင်မှ တံဘားဦး အရပ်သို့ ရောက်လာတော်မူ၏။ ထိုအခါ ကျီးငှက်တကောင်သည် ကြက်ကိုချီ၍ ပူဇော်လာသတည်း။ တပါးသော ကျီးတို့သည် လည်း ကြက်ဥကို ချီလာပြီး လျှင် ပိုင်း ကာ လုယက်ကြကုန်၏။ ဟင်္သာ သုံးကောင် သည်လည်း ရေကိုခပ်၍ မြတ်စွာဘုရား အား ပူဇော်ကြကုန်၏။ ဤသို့သော အကြောင်းများကိုမြတ်စွာဘုရားမြင်တော်

www.dhammaransi.com



မူ၍ ပြုံးတော်မူလျှင် ညီတော် အာနန္ဒာက အရှင်ဘုရား ယခု ပြုံးတော်မူခြင်းကား၊ အဘယ်ကြောင့်ပါနည်းဟု လျှောက်ထားသော အခါ ချစ် သား အာ န န္ဒာ၊ နောင် သောအခါ ဤ အ ရပ် တွင် ရာဇဌာနီ မင်းနေပြည်ကြီး ဖြစ်လတ္တံ့။ ထိုအခါ မုဒိမ်းခိုးသူ ထူပြောများပြားလတ္တံ့။ ဟသ်ာသုံးကောင် ပူဇော်လာသောအားဖြင့် ၎င်းပြည်၌ မြန် မာ သုံး ဆက် မင်းပြု လ တ္တံ့။ ၎င်း မင်း သုံး ဆ က် နောက် တွင် ပြူ သား ပြူ မြေး တို့ မင်း ဖြစ် လ တ္တံ့ ဟု ဗျာဒိတ်စကားမြွက်ကြားဖေါ် ညွှန်းတော်မူခဲ့သတည်း။

ထိုဟံသာဝတီပြည်၌ ဦးစွာပထမ ထီးနန်းစည်းစိမ်ကို စိုးစံသော မင်းသည်ကား၊ သမလကုမ္မာမင်း ဖြစ်လေ သည်။ မွန် ရာဇဝင် စေတီတော်သမိုင်းပေါင်းချုပ်၌ကား ၅၆-ခု မင်းဖြစ်သည်။ အ ချို့ ရာဇဝင်တို့၌ကား ပုပ္ပါး စောရဟန်မင်း ဖြို့ကြွင်းသက္ကရာဇ် ၁၇၇ ခု သာသနာ သက္ကရာဇ် ၁၁၆၉ ခုတွင်မှ ဟံသာဝတီပြည် ပဲခူးမြို့တွင် သမလမင်း နန်းစိုက်စပြု၏ဟုဆိုသည်။


ထိုမင်းမှစ၍ ညီ တော် ဝိ မ လ မင်း၊ အသားမင်း၊ အ ရိ န္ဒ မ မင်း၊ မ ဟိံ သ မင်း၊ သံ ဃ ထေရ် ကြီး များ၊ မိဂိန္ဒရာဇာမင်း၊ ပဌမဒိဂါဒိပ္ပမင်း ဂိဇ္ဇဒိယရာဇာမင်း၊ ကရဝိကမင်း၊ ပဥ္စာလမင်း၊ အတ္ထသာရမင်း၊ အနုရာမ မင်း၊ ဒုတိယမိဂါဒိပ္ပမင်း၊ အဂ္ဂသမန္တမင်း၊ ဥပ္ပလမင်း၊

www.dhammaransi.com



ပုဏ္ဏရိကမင်း၊ တိဿမင်းတိုင်အောင် ၁၇-ဆက်စိုးစံကြ၏။ ၎င်းတိဿမင်းတိုင်မှ ပဲခူး ဟံသာဝတီ မင်းနေပြည်၌ နှစ်ပေါင်း ၃၁၂-နှစ်ခန့် နိဂုံးရွာကြီးဖြစ်၍ နေလေသည်။ ထိုသို့ မင်းနေပြတ်သော အချိန် ကာလတွင် ပုဂံပြည်၌ အနော်ရထာ၊ စောလူး၊ ကျန်စစ်သား၊ အလောင်းစည်သူ၊ မင်းရှင်စော၊ ကုလားကျ၊ နရသိင်္ခ၊ နရပတိစည်သူ၊ ဇေယျသိင်္ခ၊ ကျစွာ၊ ဥဇနာ၊ တရုပ်ပြေး၊ ကျော်စွာ၊ စသည်ဖြင့် မင်းတဆယ့် သုံးဆက်မြောက် နှစ်ပေါင်း ၂၃၈-ခန့်တိုင် ဟံသာဝတီပဲခူးနိုင်ငံဘော်သည် ပုဂံပြည် မြန်မာမင်းတို့၏ လက်နက်နိုင်ငံ အဖြစ်ဖြင့် တည်ရှိခဲ့လေသည်။

အနော်ရထာ မင်းစောလက်ထက် ဥဿာပဲခူးသို့ ဂျွန်းစစ်သည်ခေါ် ယိုးဒယားတို့ချီလာသဖြင့်ကျန်စစ်သား ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး၊ စသော သူရဲကောင်း လေးယောက်တို့ကို စေလွှတ်၍ ယိုးဒယား စစ်သည်များကို အလယ်ကထွင်း၍ တိုက်ရာ အောက်ဗြရံ အောက်ဗြရဲ အောက်ဗြဘုံ၊ အောက်ဗြပိုက်စစ်သူကြီး လေးယောက်တို့ကို ဖမ်းမိပြီး ဥဿာ ပဲခူးမင်းအား ဆက်သဖြင့် ဥဿာမင်းသည်အလွန်အားရသည် ဖြစ်၍၊ မင်းအဆက်ဆက်တို့ ရွှေကြုတ်တွင် ထည့်၍ ကိုးကွယ်ခဲ့ သော ဓာတ်တော်နှင့် အလွန်ချစ်လှစွာသော သမီးတော်



ရှေးခေတ် ရွှေမော်ဓောစေတီ

www.dhammaransi.com



မဏိစန္ဒာကို ဆက်သလိုက်ကြောင်း ပါရှိသည် တချက်။ စောလူးမင်းလက်ထက် ရေမန်ကာဏ်းအား ဉဿာပဲခူး ကို မြို့စားခန့်ကြောင်း လာသည်တချက်။ ဤအချက် များကို ဆောက်လျှင် ပဲခူး ဟံသာဝတီသည် မြန်မာတို့၏ လက်အောက်ခံဖြစ်၍ အင်အားနည်းသော ထီးရံ-နန်းရံ ပဒေသရာဇ်နိုင်ငံဖြစ်ကြောင်း ထင်ရှားလေသည်။

**မှတ်ချက်**။ ။အနော်ရထာ အမည်ကို အသရေချေ၍ နော်ရထာ ဟုလည်းခေါ်ကြ၏။ စူဠဝင်ကျမ်း၊ ကလျာဏီ ကျောက်စာပါဠိ၌ ဧ အက္ခရ ကောသ ဋီကာများတွင် အနုရုဒ္ဓေါ်နာမရာဇာ၊ အနုရုဒ္ဓ ဒေဝရာဇာ။ အရိမဒ္ဒနပုရေ အနုရုဒ္ဓမဟာ ဓမ္မရာဇေနဟု ကျမ်းဂန်တို့၌ အသီးသီးလာ၏။ ပဲခူးဟု ခေါ်ခြင်းမှာလည်း ဟံသာ ကျသော နေရာ၌ အိန္ဒိယပြည်ကုလားဘုရင်ဒိသိ မင်းသည် လူပေါင်းများစွာနှင့် မဟာသက္ကရာဇ် ၁၁၁ ခုနှစ် သဘော်နှင့် လာ၍ ကျောက်တိုင် စိုက်ခဲ့၏။ ကုလားစစ်သား ၄၀ တို့နှင့် အမြဲမပြတ် စောင့်နေ လေရာ နှစ်ပေါင်း ၉၀ ကျော်ကြာသောဟူ၏။ ပထမ ကုလားတို့က ကြေးလင်ပန်း ၉-ချပ် မြှုပ်စေ၏။ ၎င်းနောက် မြန်မာတို့သည်လည်း လင်ပန်းအောက်က ပဲနောက် ၉-တင်းမြှုပ်၏။

www.dhammaransi.com



နောက် မွန်တို့က ပဲနောက်အောက် သံကောက် စင်းမြှုပ်ထား၏။ ထိုသုံးဦးတို့သည်ကျွန်းမြေကို သူရသင့် ငါရသင့် ငြင်းခုံ၍ နေကြသော အခါ၊ သိကြားမင်းသည် အဘိုးအိုယောင် သဏ္ဌာန် အသွင်ဖြင့် လက်ဦးစွာ မြှုပ်ထားသူသာ ရစေ၊ ကျန်နှစ်ဦးတို့ အခွင့်အား လျော့စွာ ရစေဟု ဆုံးဖြတ်လေ၏။

ထိုအခါ မွန်တို့က ဥပါယ်တမျည်ဖြင့်သံကောက် အောက်က ထားသောကြောင့် ဦးစွာပထမ ရလေ၏။ ထို့ကြောင့် ပါဠိသဒ္ဒါ၊ ဥပါယ၊ ဥပါယ် အမည်ဖြင့် ကျွန်းမြေကိုရသောကြောင့် ဥပါယ်ခိုး တွင်သည် ဥပါယ်ခိုး၊ ပါယ်ခိုး၊ ပဲခိုး၊ ပဲခူး၊ ပဲကူး ဟူ၍ အမည် အမျိုးမျိုး ပြောင်းရွေ့လာ၏။ တနည်း - မြန်မာတို့၏ ပဲနောက်အောက်က သံကောက်ကိုးစင်း မြှုပ်ထားသည်ဖြစ်၍ ပဲနောက်ကိုဥပါယ်တမျည်ဖြင့် ခိုးသည်မည်သော ကြောင့် ပဲခိုးတွင်၏ ပဲခိုးမှ ပကိုး၊ ပဂိုး ဟူ၍ လည်း ခေါ်ကြပြန်သေး၏၊ အချို့ဆရာတို့က မုဂ္ဂစောရနဂရမှ ဟုပါဠိစီကြသည်။

တနည်းမှာ ဟံသာဝတီပြည်၌ သမလမင်းသည် သာသနာ သက္ကရာဇ် ၅၆ ခုနှစ် မင်းဖြစ်သော

www.dhammaransi.com



အခါ၊ ၂ နှစ်မြောက်တွင် မယ်သိုက္ခပီခေါ် ရွှေဖရုံမယ်ကို မိဖုယားမြှောက်လေ၏။ သမလမင်းလည်း မကြာမီ နတ်ရွာစံလေရာ ညီတော် ဝိမလမင်းက မရီးတော် မယ်သိုက္ခပီကို မိဖုယားမြှောက်ပြန်သဖြင့် နောင်တော်၏ သားတော်ကလေးကို ပဲခူးနယ်နှင့် သထုံနယ်၏ အကြားကွမ်အပ်သားရွာ မုဆိုးမမိနန်းကလိုင်၏ ကျွဲခြံဝ၌ ညအခါစွန့်ပစ် ထားခဲ့၏။ မိနန်းကလိုင်လည်း သားရင်းကဲ့သို့ မွေး၍ ထားခဲ့လေသည်။

အသက် ၁၈-နှစ် ရှိသောအခါ ဟံသာဝတီကို တိုက်ခိုက်သိမ်းယူရန် ဘင်္ဂါ ၁၂ မြို့က ကုလားကြီး လန်ဘားကို ဗိုလ်ပြု၍ သင်္ဘော ၇ စင်းနှင့်လာရာ မည်သူမျှ မတိုက်ခိုက် နိုင်ဘဲ ရှိသောကြောင့် ဝိမလမင်းလည်း အရပ် အမြင့် ၇-တောင် ရှိသော ကုလားလန်ဘားနှင့် စီးချင်း တိုက်နိုင်မည့်သူကိုရှာဖွေတော်မူရာ တူတော် အသားမင်းသားကိုတွေ့သဖြင့် ဆင့်ခေါ်တော်မူပြီးလျှင် ကုလားတို့ရန်ကို နှိမ်နင်းစေလေ၏။ ထိုခါ ကုလား လန်ဘားသည် သံချပ် အင်္ကျီ ဝတ်၍ ငှက်ပြောရွက်ခန့် ရှိသော ဓါးကြီးကို ကိုင်လျက် တယောက်တည်း လာလေသော်၊ ကျိက်ကသာ ရွာ၌ ကြီးရသော အသားမင်းသားသည်လည်း သံချပ်အင်္ကျီ

www.dhammaransi.com



ဝတ်၍ငှက်ပြောရွက်ခန့်ရှိသော ဓါးကြီးနှစ်စင်းကိုင်လျက် ရင်ဆိုင်တိုက်ကြမည့်ဆဲဆဲတွင် မင်းသားကဥပါယ်တမြည် ဖြင့်၊ တယောက်ချင်းတိုက်မည် ဟုပြောရာ လန်ဘား လည်း သဘောတူလေ၏။ ထိုအခိုက်အသားမင်းသားက တယောက်ချင်း တိုက်မည်ဆိုလျက်၊ အဘယ် ကြောင့် နောက် လိုက် နောက်ပ၊ ခေါ် လာ သနည်းဟု ပြောဆို လိုက်ရာ ထိုအခါ ကုလား လန် ဘား လည်း အဟုတ်မှတ်၍၊ ငါ့မှာ နောက် လိုက် အဖေါ် မပါ တ ယောက် ထည်း ပါတ ကား ဟု ဆို၍ နောက် သို့ လှည့် ကြည့် စဉ်၊ မင်း သား သည် လန် ဘား ၏ လည်မျိုကို ဓါးနှင့် ပိုင်းလိုက်သဖြင့် ကုလား ကြီးသည် (နေ့်ရော်) ဟုအော်၍ သေဆုံးလေ၏။ ၎င်းနေရာကို ယခုတိုင် (နံ့ယော) ရွာ ဟု ခေါ် ဆို ကြ လေ သည်။ ထိုကြောင့် ကုလား စစ်သားတို့လည်း တပ် ပျက် ၍ ပြေးကြစဉ်ဥပါယ်ကိုး၊ ဥပါယ်ကိုးဆိုကြ သောကြောင့် ထိုအရပ်ကို ဥပါယ်ကိုးမြို့ဟု ခေါ်ရာမှ ကာလ ကြာ၍ ပါယ်ကိုးမှ ပဲကိုး၊ ပကိုး၊ ပဂိုးဟု အမျိုးမျိုးခေါ်ကြ လေသည်။

ထိုပဲခူး ဟံသာဝတီပြည်ကြီးသည် သမလမင်းအစ တိဿမင်းအဆုံး တဆယ့် ခုနစ်ဆက် မင်း နေ ပြည် ဖြစ်ခဲ့ပြီးမှမင်းဆက်ပြတ်ပြီးလျှင်သက္ကရာဇ် ၇၃၁ ခုနှစ်တွင်

www.dhammaransi.com



မုတ္တာမစား ဆင်ဖြူရှင်ဗညားဦးသည် ဟံသာဝတီ ပဲခူး မြို့ကိုသုတ်သင်ပြီး ထီးသစ် နန်းသစ် မြို့သစ်စိုက်တည်၍ စံနေခဲ့လေသည်။

ထို့ကြောင့် ပလိပ်စာ ချောင်းရွှေနားတော်သွင်း၌.... မင်းမှုရှေးက၊ တည် ထောင် စသား၊ သမလ ကုမ္မာ၊ သည်နောက်မှာတုံ၊ ဝံသာဆင့်ပွား၊ သားသားမြေးမြစ်၊ ဆယ့်ခုနစ်တွင်၊ နှောင်းဖြစ်တိဿ၊ မြတ်သည်ကကို၊ ခုနစ်ရာ့ သုံးဆယ်၊ တခု ကယ်တွင်၊ ငွေနှယ် ဖြူစွာ၊ ပြောင် မှုန် စ နှင့်၊ မုတ္တမ စိုးမှူး၊ ဗ ညား ဦး လျှင်' ပဲခူးထောင်ပြန်-ဟု စသည်ဖြင့် ဟံသာဝတီ ဒုတိယ အကြိမ်ရိုက် စာအုပ် စာမျက်နှာ ၆၃ တွင် လာ ရှိလေသည်။ ဦးကူးရာဇဝင်၌ မူကား၊ ပဲခူး တည်ပြန် ဆယ့်တစ်တန်တွင်....ဟု တွေ့ရပေ၏။

ဗညားဦးမင်းနန်းစံ တဆယ့်လေးနှစ် သက္ကရာဇ် ၇၃၅ ခုနှစ်တွင် နတ်ရွာစံ၍ ဟံသာဝတီ ဗညားဦးနှင့် အုဇ်းဝ ဘုရင် မင်းကြီးစွာ စော်ကဲ့တို့ မဟာ မိတ် ဖြစ်ကြ ၏။ ဗညားဦးမရှိသည့်နောက် သားတော် ငယ်မည် အပသုံ၊ အိမ်ရှေ့မင်းသားအမည်ဗညားနွဲ့သည် ရွှေထီး ရွှေနန်းကို ဆက်ခံပြီးလျှင် ရာဇဓိရာဇ်ဘွဲ့အမည်နှင့် မင်းလုပ်တော်မူလေ၏။ ထိုမင်းကား ဘုန်းလက်ရုံး အာဏာ ပညာ နှင့်လည်းပြည့်စုံ၍ သူရဲကောင်း အမှုထမ်းတို့ ကိုလည်း

www.dhammaransi.com



စွမ်း ရည် အလျောက် ချီးမြှောက် မွေး မြူ တော် မူလေ၏။

ရာဇဓိရာဇ်သည် ဒဏ္ဍ ဥပါယ်၊ ဘေဒ ဥပါယ်၊ သာမဥပါယ်၊ မနဥပါယ်စသော ဥပါယ်လေး မျိုး တို့ ဖြင့်လည်း လိမ္မာတော်မူသည်။ ဆင်စီး၊ မြင်းစီး၊ စစ်တက်၊ စစ်ဆင်၊ ဓါးခုတ်၊ လှံထိုး၊အမျိုးမျိုးသော သေနင်္ဂ ဗျူဟာ တို့ ကို လည်း တတ် မြောက် ကျွမ်း ကျင် လိမ္မာတော်မူသည်။ အင်းဝ ပထမ မင်းခေါင်နှင့် လည်း အနှစ် ၃၀-ကျော်မျှ ကြာမြင့်စွာ စစ်တိုက်ခဲ့ကြ ပြီးလျှင် စစ်ပြေငြိမ်းသော် မင်းခေါင်၏နှမ မင်းလှမြတ်ကို သုပဘာဒေဝီအမည်နှင့် မိဖုရားမြှောက်ခဲ့လေသည်။

ထိုမင်းကား အနှစ် ၄၀-နန်းစံ၍၊ ၇၇၅-ခုနှစ်တွင် ကွယ်လွန်တော်မူသည်။

ရာဇဓိရာဇ်နတ်ရွာစံသောအခါ သားတော်ဗညားဓမ္မ ရာဇာသည် ခမည်းတော်၏ရိုက်ရာ ဟံသာဝတီရွှေထီး ရွှေနန်းကို သာသနာ ၁၉၆၇ခု။ ကောဇာသက္ကရာဇ် ၇၇၅-ခုနှစ်တွင် တက်တော်မူ၏။ ရတနာပူရ အင်းဝ နေပြည်တော်၌လည်း သီဟသူ မင်းသည် ၇၇၈-ခုနှစ်တွင် နန်းတက်၍ ထိုမင်းနှစ်ပါးတို့ ထီးပြိုင် နန်းပြိုင်ပေတည်း။ ဟံသာဝတီ ဗညားဓမ္မရာဇာမင်းကား မင်းကျင့် တရား ဆယ်ပါး။ နာယကဂုဏ် ခြောက်ပါး။ သင်္ဂဟ တရား

www.dhammaransi.com




လေးပါး။ အပရိဟာနိယတရား ခုနစ်ပါး တို့ နှင့် မညီမညွတ်၊ ဘုရားတရား၊ သံဃာ၊ ရတနာသုံးပါးတို့ကိုလည်း မရိုမသေ အရေးမပြု၊ တိုင်းသူ ပြည်သားတို့အပေါ် တွင်လည်း ရင်ဝယ်သားကဲ့သို့ သနားတတ်ခြင်းမရှိ၊ လူဆိုး၊ လူသွမ်းတို့နှင့် ပေါင်းသင်းကာ၊ မကြာခဏတောကစား ထွက်ခြင်း၊ အတီးအမှုတ်၊ အကအခုံ၊ ပွဲလမ်းသဘင် အပျော်အရွှင်များနှင့် သေရည် သေရက် တို့ ကိုသာ သောက် စား မူး ယစ် လျက် တိုင်း ရေး ပြည် ရေး ကို မေ့လျော့ခါ နေသောကြောင့် သံလျင်မြို့စား ညီတော် ဗညားရံကလည်း ခြားနားလေ၏။ တဂုံစား ဗညားရံခိုက်လည်း ပုံကန်သောင်းကျန်း၍ ရာဇသင်္ကြန်ဦးစီးသော မြန်မာတို့ စစ် တပ် ကြီး လည်း ပုသိမ်၊ မြောင်းမြ၊ ခဲတောင်၊ ဒလမြို့ စသည်တို့ကို ချီ တက် တိုက် ဖျက် လာလေသည်။

ထိုအခါ ဟံသာဝတီ မင်းနေပြည် တော်ကြီး သည်၊ တုန်လှုပ် ချောက် ချားကာ ဘေးဥပါဒ် အန္တရာယ် အမျိုးမျိုး စွဲရောက် လာသည့် အလျောက်။ ဝိလုပ္ပန ဝိပ္ပလ္လာသတို့လည်း မှားယွင်း ဖေါက်ပြန် အကျင့်တန် အကျင့်ပျက်ခြင်း၊ တဦးနှင့် တဦးနှိပ်စက် ညှဉ်းပန်းကာ နိုင် ထက် က လူ ပြု မူ ခြင်း၊ လု ယက် ဖျက် ဆီး ခြင်း၊ ထကြွ သောင်း ကျန်း ခြင်း၊ မုဒိန်းဒဏ္ဍ စသော အဓမ္မ

www.dhammaransi.com





ယခု ရွှေမော်ဓောစေတီ

www.dhammaransi.com



ပုဂ္ဂိုလ်တို့သည် အခွင့်သာသဖြင့် သူတပါး၏ သားပျို သမီးပျိုတို့အား အနိုင်အထက် ပြုကျင့်ခြင်း စသည် ဖြင့် နိုင်ငံတော်အလုံး ကြိမ်မီးအုံး သကဲ့သို့ တနေ့ တခြား ရေနည်းငါးပမာ အင်အား ဆုတ်ယုတ်၍ လာသဖြင့် တိုင်းသူ ပြည်သားတို့သည် ထိုမင်းကို ရွှေနန်း စည်းစိမ်မှ မကြာ မီ ရွေ့ လျော ပျက် စီး ၍ အ သက် ကုန် မည့် အကြောင်းကို တပြည်းလုံး အုတ်အုတ် ကျက်ကျက် မင်းနားကြားမျှ ပြောဆိုကြလေကုန်၏။

ဗညား ဓမ္မ ရာဇာ လည်း ပြည်သူ ပြည် သား တို့ ပြောဆိုသော အသံကို ကြား လျှင် စိတ်လက် မသန့်၊ စက်တော်မခေါ် ပွဲတော်မတည်၊ စိုးရိမ်သောမျက်နှာဖြင့် မသက် မသာ နေတော်မူစဉ်၊ မင်း၏ ဆရာ ဖြစ်သော ပန်းရုံ၊ တောင်ငူ၊ အရှင်သူမြတ်သည် မင်းကြီးထံသို့ ကြွလာပြီးလျှင်၊ အောက်ပါအတိုင်း ဆုံးမ သြဝါဒ ပေးတော်မူလေ၏။

တကာတော်မင်းကြီး မင်းတို့မည်ကား။

ဓမ္မေန သမေန သတ္တေ ရဇ္ဇေတီတိရာဇာ။

တနည်း- ဓမ္မေန သမေန ရဇ္ဇံကာရေသိ။

ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေသိ၊ ပြုတော်မူ၏။ ဟူသည်နှင့် အညီ မင်းတို့မှာ မင်းကျင့်တရားဆယ်ပါး၊ နာယကဂုဏ်

www.dhammaransi.com



ခြောက်ပါး၊ သင်္ဂဟတရားလေးပါး၊ ဗြဟ္မစိုရ် တရားလေးပါး၊အပရိယာနိယတရားခုနစ်ပါး၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါး၊ သူတော်ကောင်း တရားခုနစ်ပါးဟူ၍ အသီးသီးရှိကြကုန်၏။

မင်းကျင့်တရားဆယ်ပါး=(၁) ဒါန၊အလှူပေးခြင်း (၂) သီလ၊ သီလဆောက်တည်ခြင်း။ (၃) ပရိစ္စာဂ။ ပေးကမ်းစွန့်ကြဲခြင်း။ (၄) အဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း။ (၅) မဒ္ဒဝံ၊ နူးညံ့ပြေပြစ်ခြင်း။ (၆) တပံ၊ ဥပုသ်သီတင်းကျင့်သုံးခြင်း။(၇)အကောဓံ၊ အမျက်နည်းခြင်း။ (၈) အဝိဟိံသံ၊ မညှင်းဆဲခြင်း။ (၉) ခန္တိ၊ သည်းခံခြင်း။ (၁၀) အဝိရောဓနံ၊ မဆန့်ကျင်ခြင်း။ ဤကား မင်းကျင့်တရား ဆယ်ပါးတည်း။

နာယကဂုဏ်ခြောက်ပါးမှာ.... (၁) ထကြွ လုံ့လဝီရိယရှိခြင်း။ (၂) နိုးကြားတတ်ခြင်း။(၃) သတ္တဝါအများကို သနားတတ်ခြင်း။ (၄) သည်းခံနိုင်ခြင်း။ (၅) မြော်မြင် စဉ်းစား တတ်ခြင်း။ (၆) ဝေဘန် ပေးကမ်းတတ်ခြင်းတည်း။

သင်္ဂဟတရားလေးပါးကား.... (၁) ဒါန၊ ပေးကမ်းလှူဒါန်းခြင်း။ (၂) ပိယဝါစာ။ ချစ် ဘွယ် သော စကားကိုဆိုခြင်း၊ (၃) အတ္ထစရိယာ၊ မိမိအကျိုး

www.dhammaransi.com



သူတပါးအကျိုးကိုသိ၍ကျင့်ခြင်း။ (၄) သဟာနတ္တတာ မိမိနှင့် ကိုယ်ချင်းစာတရားရှိခြင်း ပေတည်း။

ဗြဟ္မစိုရ်တရား လေးပါးကား.... (၁) မေတ္တာ၊ အလုံးစုံသောသတ္တဝါတို့ကိုချစ်ခင်ခြင်း။ (၂) ကရုဏာ ဒုက္ခိတသတ္တဝါတို့ကိုသနားခြင်း။ (၃) မုဒိတာ၊ သုခိတ သတ္တဝါတို့ကိုမြင်လျှင်ဝမ်းမြောက်ခြင်း။ (၄) ဥပေက္ခာ အားလုံးသော သတ္တဝါတို့အပေါ်၌ မမုန်း မချစ်သော စိတ်ထားခြင်း။

သူတော်ကောင်းဥစ္စာခုနစ်ပါးကား.... (၁) သဒ္ဓါ၊ ရတနာသုံးပါးတို့ကိုကြည်ညိုခြင်း။ (၂) သီလ၊ ငါးပါး သီလ စသည်စောင့်သုံးခြင်း။ (၃) သုတ၊ တရားတော် မြတ်ကို သင်ကြားနာယူခြင်း။ (၄) စာဂ၊ စွန့်ကြဲ ပေးကမ်းခြင်း။ (၅) ပညာ၊ တရားတော် မြတ်ကို ထိုးထွင်း၍သိခြင်း။ (၆) ဟိရိ၊ မကောင်းမှုပြုခြင်းကို ရှက်ခြင်း။ (၇) ဩတ္တပ္ပ၊ မကောင်း မှု ပြု ခြင်း ကို ထိတ်လန့်ခြင်း။

တနည်း သူတော်ကောင်းတရား ခုနစ်ပါးကား (၁)သဒ္ဓါ၊ ရတနာသုံးပါးကိုကြည်ညိုခြင်း။ (၂) သတိ၊ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း။ (၃) ဟိရိ၊ မကောင်းမှု ပြုခြင်းကို ရှက်ခြင်း။ (၄) ဩတ္တပ္ပ၊ မကောင်းမှု ပြု ခြင်းကို လန့်ခြင်း။ (၅) ဗဟုသစ္စ၊

www.dhammaransi.com



အကြားအမြင်များခြင်း။ (၆) ဝီရိယ။ ကုသိုလ်အရာ၌ လုံ့လပြုခြင်း။ (၇) ပညာ၊ အနိစ္စအစရှိသော ဝိပဿနာ တရားကို ထိုးထွင်း၍သိခြင်း စသည်တို့ပေတည်း။

အပရိဟာနိယတရား ခုနစ်ပါးကား

(၁) အကြိမ် များ စွာ မပြတ် စည်း ဝေး ခြင်း။ (၂) အညီ အညွတ် ထကြွခြင်း ပြုအပ်သော ကိစ္စကို အညီအညွတ်ပြုခြင်း။ (၃) ရှေးမင်းတို့မပညတ်သည်ကို မပညတ်၊ ပညတ်ပြီးသည်ကို မဖျက်ဆီးဘဲ ပညတ်တိုင်း ကျင့်ခြင်း။ (၄) ကြီးသူတို့ကို အရို အသေ ပြု၍ ကြီးသူတို့စကားကိုနာခံခြင်း။ (၅) အမျိုးသမီးငယ်တို့ကို အနိုင်ထက် မသိမ်းယူခြင်း။ (၆) ပြည်တွင်း ပြည်ပ စောင့်သောနတ်တို့အားဗလိနတ်စာပေးမြဲတိုင်းပေးခြင်း (၇) ရဟန်း ပုဏ္ဏားတို့ကို တရားနှင့်အညီစောင့်ရှောက် လုံခြုံစေခြင်း။

ထိုသို မင်းတို့ကျင့်အပ် ကျင့်ထိုက်သောတရားတို့ကို မလိုက်နာဘဲ အပါယ်လားကြောင်း အကုသလ ဓမ္မနှင့် သာမွေ့လျော် ပျော်ပါးလိုက်စားနေလျှင် ယခုပစ္စုပ္ပန် မှာလည်း တိုင်းသူ ပြည်သား တို့က အ ကြည် ညို နည်းပါးခြင်း၊ တမလွန် ဘဝတို့ မှာသည်း အပါယ်သို့ လားရခြင်းဖြစ်ပေမည်။ ရှေးရှေးဘဝတို့က ဖြည့်ကျင့်

www.dhammaransi.com



ဆည်းပူးသော ပါရမီကြောင့် ဤရာမည တိုင်းကို အစိုးရသောမင်း၏ စည်းစိမ်တော်ကိုရပေသည်။

သင်မင်းကြီးကား အမြတ်ကိုမရှာ အရင်းကိုသာ ခံစားလျက်ရှိခဲ့သည်။ ဒကာမင်းကြီး မရသေးသော စည်းစိမ်ချမ်းသာ ဂုဏ်သိမ် ကြက်သရေတို့ကို ရအောင် ရှာခြင်းသည် လွယ်ကူ၏။ ရရှိပြီးသောစည်းစိမ်ချမ်းသာ ဂုဏ်သိမ် ကြက်သရေတို့ကို မိမိလက်၌ မပျောက် မပျက်အောင် ထိန်းသိမ်းခြင်းသာ အလွန်တရာ ခဲယဉ်း လှစွာ၏။

ပုဂံပြည်၌ အနန္တသူရိယ အမတ်ကြီး ရေးသားသည့် လင်္ကာ၌၊ ....


ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်း၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ။ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တသက်လျှာတည့်။

ဟု....လာသဖြင့် ဒကာတော်မင်းကြီးသည် ဟံသာဝတီ ရွှေထီး ရွှေနန်းကို သိမ်းမြန်းအုပ်ချုပ် မင်းလုပ်သော်လည်း၊ သမုဒ္ဒရာ ရေပွက်ပမာကဲ့သို့ရှိချေသည်ဟု ပန်းရံ တောင်ငူ ဆရာတော် ဘုရားကြီးက အမျိုးမျိုးသော ဩဝါဒတို့ဖြင့် ဆုံးမပြီး၍ ကြွသွားတော်မူလေ၏။

www.dhammaransi.com



ထိုအခါ ဗညား ဓမ္မရာဇာ မင်းလည်း ထိတ်လန့်ကြောက်ရွံ့လျက် သံဝေဂတရားပေါ်ပေါက်ခါ ထိုနေ့ကစပြီး အပါယ်လားကြောင်းဖြစ်သော အကုသိုလ် ဒုစရိုက်အကျင့်တို့ကို စွန့်ပယ်ပြီးမှ....



**အကျွတ် ဘုရားစေတီ**

ဓမ္မေန သမေန ရဇ္ဇံ ကာရေသိ ဟူသည်နှင့် အညီ ပြည်သူ ပြည်သားတို့ကိုမိမိရင်ဝယ်သားရင်းကဲ့သို့ကြည့်ရှု ထိန်းသိမ်းတော်မူ၏။ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုရစေရန်....

www.dhammaransi.com



ပုညကြိယာစသော ဒုစရိုက်တရားတို့ကို နေ့ညဉ့်မပြတ် အားထုတ်တော်မူ၏။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသနာတော်ကိုလည်း ချီးမြှင့်ထောက်ပံ့တော်မူ၏။

မင်းကြီးသည် ဟံသာဝတီ မြို့တော်၏ အနောက် (သုဝဏ္ဏမဟီ)ကုန်း၌ စေတီတည်တော်မူပြီးလျှင် ထိုစေတီတော်၌ ရှေးဘေးလောင်းဘော် ဘိုး လောင်း တော်မုတ္တမမြို့တည် (ဝါကရူ)ခေါ် ဝါရီရူမင်းလက်ထက်ကစ၍ နန်းဦးတွင် အစဉ်မပြတ် ကိုး ကွယ် ၍ လာ ခဲ့ သော ဒက္ခိဏာသာခါ ရုပ်ပွားတော် တဆူနှင့် မြတ်လေးပွင့်အဆင်းနှင့်တူသော မြတ်စွာဘုရား ဓာတ် တော် စစ်သုံးဆူတို့ကို ဌာပနာတော် မူလေသည်။ ရှေးမင်းတို့အဆက်ဆက် နန်းစဉ် ကျောက် ဟူ၍ ထား ခဲ့ သော အဘိုးများစွာထိုက်တန်သောပဏ္ဏပတ္တမြားရတနာတော်ကျောက်သုံးလုံးအပါအဝင် ဗညား ဓမ္မရာဇာ ဆင်တော်မူသောအဘိုးလေးသိန်းထိုက်သောမကိုဋ်တော်စသည်တို့ကိုလည်း ဌာပနာတော်မူသည်။ စေတီတော် ကိုလည်းမြေကြီးမှ ထီးတော်အထိ ရွှေအတိမွန်းမံတော်မူသည်။ ရတနာကိုးပါး မွန်းမံစီချယ်အပ်သော ထီးတော်ကိုလည်းတင်လှူတော်မူသည်၊

သံဃာတော် ငါးထောင်ပင့်၍လည်း ဆွမ်းခဲဘွယ်ဘောဇဉ် ပစ္စည်း ပရိက္ခရာ ငှပ်ာန်းတို့၏အသုံးအဆောင်

www.dhammaransi.com



များကိုစေ့စုံအောင် လှူတော်မူသည်။ ဟံသာဝတီနိုင်ငံတော်၌ဟံသာဝတီနိုင်ငံတော်၌ ပင်ပန်းနွမ်းနွယ် ဆင်းရဲဒုက္ခရောက်ကုန်သော သူဆင်းရဲ ဖုန်းတောင်း ယာစကာတို့ကိုလည်း ခုနစ်ရက် ခုနစ်လီ အလှူကြီးပေး၍အောင်ပွဲသဘင်ခံတော်မူသည်။

နိုင်ငံသူ နိုင်ငံသားတို့သည် ငါတို့ မင်း ကြီး ကား ရှေးကနှင့် မတူတော့ချေ။ ဆရာတော် ဘုရား ဆုံးမ ဩဝါဒပေးခဲ့သည်ကြောင့် အကျွတ်တရားကို ရပေပြီး မိမိ၏ မင်းကျင့်တရား ပျက်မှု အကုသိုလ် ဓမ္မစုတို့မှ ရှောင်ကြဉ်ခါ၊ ကျွတ်လွတ်အောင်မြင်ခဲ့ လေပြီဟု ဆို၍ မင်းကြီး တည်ထား ကိုးကွယ်သော ထိုစေတီတော်ကိုလည်း (ကျွတ်မုတ္တော) ဟု ခေါ်ကြကုန်၏။

ယခုအခါ အကျွတ်ဘုရားဟူ၍လည်း ခေါ်ကြ၏၊ အလွတ်ဘုရား စေတီတော်မှာလည်း စကားပရိယာယ် မျှသာကွဲသည် အဓိပ္ပါယ်က အတူထွက်ချေသည်။ တဖန် သုဝဏ္ဏမဟီကုန်းတော်အနီးကဥ္စနမဟီကုန်းတော်၌လည်း စေတီတဆူတည်ပြန်လေသည်။

နောက်တည်သော ထိုစေတီတော်၌ ပုလဲရောင်မက နေ့ရော ညဥ့်ပါအရောင် တဝင်းဝင်း တောက်ပလျက်ရှိသောဓာတ်တော် ၅-ဆူ၊မိဖုယား သားတော် သမီးတော် မောင်းမ ကိုယ်လုပ်တော် ညီတော်ဆွေတော်မျိုးတော်တို့

www.dhammaransi.com



ဆင်မြန်းသော ရတနာများ မင်းကြီး၏ အဘိုးများစွာ ထိုက်သော မကိုဋ်တော်တို့ကိုလည်း ဌာပနာတော်မူ၏။ ရဟန်း သံဃာတို့ ကိုလည်း လှူဒါန်း ပေး ကမ်းခြင်း၊ ဖုန်းတောင်းယာစကာ သူဆင်းရဲတို့လည်း များစွာစွန့်ကြဲ ပေးကမ်းခြင်းပြု၏။ စေတီတော်ကိုလည်း ဘိနပ်ကစ၍ ဆည်းလည်းသီးအထိ၊ ရွှေအပြည့် မွန်းမံတော် မူ၏။ သားတော် သမီးတော် မိဖုရား မောင်းမ မိသံ ဆွေတော် မျိုးတော်တို့နှင့် ရွှေဖလားတလုံးစီကိုင်၍ ကိုယ်စီကိုယ်င အသီးသီးရေစက်ချ၍၊လှူတော်မူ၏။ ဆွေတော်မျိုးတော် မင်းအပေါင်းတို့ တည်ထားသောဘုရားဖြစ်သောကြောင့် (မဟာကြီး) ဘုရားဟု ယခုတိုင်ခေါ် ဆိုကြလေသည်။


ထိုနောက်စေတီခုနစ်ဆူကိုလည်းထပ်မံတည်ပြန်သည် ထိုစေတီတို့ကား (ကျွတ်မိန်တလို) (ကျွတ်စေလာ) (ကျွတ်မုံးနတ်) (ကျွတ်ပေါင်) (ကျွတ်ကေလာသ) (ကျွတ်မိုးရတ်) (ကျွတ်ကစင်) ဟူ၍ ခုနစ်ဆူတည်း။

ဗညားဓမ္မရာဇာ မင်းသည် ကောင်းမှု ကုသိုလ်တော် တို့ကို အားထုတ်တော် မူခဲ့၍၊ နန်းစံ ၅-နှစ် သက္ကရာဇ် ၇၉၀-ပြည့် နတ်ရွာစံတော်မူ၏။ သုသောဂိတ ရာဇဝင် စာမျက်နှာ ၁၃၁-၌ နန်းစံစည်းစိမ် ၃-နှစ်ဟု ဆိုသည် ဗညားဓမ္မရာဇာ နန်းတက် ၇၈၅-ခု ရတနာပူရအင်းဝမှာ သီဟသူ နန်းတက် ၇၈၄-ခုနှစ် ထိုမင်းနှစ်ပါးတို့ ထီးပြိုင်

www.dhammaransi.com



နန်းပြိုင်ဖြစ်သည်၊ ဟံသာဝတီ မင်းဆက်မှာ လက်ဦးအစ သမလ ကုမ္မာ မင်းမှစ၍၊ တိဿ မင်း တိုင် တ ဆယ့် ခုနစ်ဆက်တွင် မင်းဆက်ပြတ်၍ နိဂုံး ဖြစ် လေ သည်။ သုသောဓိတရာဇဝင်၌ သက္ကရာဇ် ၇၁၃-ခုနှစ်တွင် မုတ္တမ စား ဆင်ဖြူရှင်ဗညားဦး တည်ထောင်၍မင်းပြုသည် ဟူ၍ လာရှိသည်။



အလွတ် ဘုရားစေတီ

ဗညားဦးစည်းစိမ် တဆယ့် လေးနှစ် သားတော် ရာဇဒရိုဇ် စည်းစိမ်လေးဆယ်။ သားတော် ဗညား ဓမ္မရာဇာ စည်းစိမ်သုံးနှစ်။ ညီတော်ဗညားရံ စည်းစိမ်

www.dhammaransi.com



နှစ်ဆယ်။ တူတော် ဗညားပရူး စည်းစိမ် လေးနှစ်။ ညီတော်ဗညားကျွန်း စည်းစိမ်သုံးနှစ်။ လိပ်မွတ်ထောမင်း စည်းစိမ်တနှစ်။ ရှင်စောပု စည်းစိမ်တဆယ့် ခုနစ်နှစ်။ ဓမ္မစေတီ စည်းစိမ်နှစ်ဆယ့်တနှစ်။ သားတော်ဗညားရံ စည်းစိမ်လေးနှစ်။ သက္ကရာဇ် ၈၈၈-ခုတွင်ကွယ်လွန်တော်မူ၍၊ သားတော် သူ့ရှင်တကာရွတ်ပိမင်းဖြစ်တော်မူ၏။

မင်းဖြစ်၍ ရှစ်နှစ် သက္ကရာဇ် ၈၉၆-ခု ဇေယျဝစုနတိုင်း ကေတုမတီပြည်၌ မင်းတရားရွှေထီးသက်တော်တဆယ့် ကိုးနှစ်တွင် ဟံသာဝတီကို ချီတော်မူသည်။ သူ့ရှင် တကာရွတ်ပိ၏ အထိန်းတော် ဗညားလော၊ ဗညား ကျန်းတို့ အစီအမံ ကောင်းလှ သောကြောင့် မရချေ။ သက္ကရာဇ် ၈၉၇-ခုတွင်လည်း၊ ဟံသာဝတီသို့ ချီ ပြန်၍ တိုက်၏။ အထိ အပါး အရှ အနမျှား၍မတတ်နိုင်ချေ။ သုံးလရှိလျှင် မိုးကျတော့မည် နီးသည်နှင့်ကေတုမတီသို့ ပြန်တော်မူသည်။ မင်းတရား ရွှေထီးသည် ပရိယာယ် ရာဇမာယာဖြင့် ရွှေပေလွှာရေး၍ မှာ တော်မူသော အခါတွင်မှ၊ ဗညားလော ဗညားကျန်းတို့ကို သူရှင် တကာရွတ်ပိ မယုံကြည်၍၊ ကွပ်မြစ်တော်မူ၏။

ဗညားလော ဗညား ကျန်း တို့ မရှိပြီ ကြား လျှင် မင်းဟာရား ရွှေထီး ချီတော်မူပြန်သည်။ ထိုအခါ သူ့ရှင် တကာ ရွတ်ပိုလည်းယောက်ဖတော်ပြည်ဘုရင် နရပတိသို့

www.dhammaransi.com



ပေါင်းမည်ဟုကြံ၍၊ ဟံသာဝတီက သရေခေတ္တရာသို့ ဆန်တော်မူ၏။ မင်းတရား ရွှေထီးလည်း သူ့ရှင် တကာရွတ်ပဲပြည်သို့ ဆန်တော်မူသည်....ဟု ကြားလျှင် ယောက်ဖတော်ကျော်ထင်နော်ရထာ လျှောက်သည်ကို နှစ်သက်တော်မူသဖြင့်၊ ပြည်သို့ချီ၍ တိုက်ပြန်၏။ ဟံသာဝတီမှာ အနေအထား မသင့်သည်နှင့် အလျင် ပြန်တော်မူခဲ့ရလေသည်။

ဟံသာဝတီ သူ့ရှင် တကာရွတ်ပိလည်း မင်းတရား ရွှေထီး ပြန်တော်မူလေလျှင်၊ ဆင်ကောင်း ပေါ်သည် ဟုကြား၍၊ တောသို့သွားရာ ဆင်ကို တွေ့လေ၏။ ဆင်လည်း အကြော့မခံ ပြေးလေ၏။ ထိုအခါတွင် ပုသိမ် နတ်ရှင်ဂူတောသို့ရောက်လျှင် ကိုယ်တွင် အဝတ် မရှိသော နတ်သမီး တယောက်သည် မင်းကိုလှည့်ပတ် ဖျားယောင်း၍ ကာယသံသဂ္ဂပြုပြီးလျှင် ကွယ်လေ၏။ မင်းကြီးလည်း ထိတ်လန့်ခြင်းပြင်းပြစွာဖြစ်၍၊ အင်္ဂပူရ ဆိပ်သို့ပြန်တော်မူ၏။ ထိုညဥ့်၌ဖျား၍ အနိစ္စရောက်တော် မူလေသည်။

ပြည်ဘုရင် နရပတိလည်း သက္ကရာဇ် ၉၀၀-ပြည့်တွင် ဝမ်းကိုအနာပေး၍ အနိစ္စရောက်တော်မူသည်။ ထိုအခါ မင်းတရား ရွှေထီးလည်း သာသနာ သက္ကရာဇ် ၂၀၈၂- မြန်မာသက္ကရာဇ် ၉၀၀-ပြည့်တွင် ဟံသာဝတီ ရွှေနန်းကို

www.dhammaransi.com



သိမ်းယူစံနေတော်မူ၏။ ထိုနောက် သမိန်စက္ကဝေါ ၉၁၂- သမိန်တောရာမ ၉၁၂။ ဘုရင့်နောင် ၉၁၄။ နန္ဒမင်း ၉၄၃။ သီဟသူ ၆၉၀။ ဟံသာဝတီကို စိုးစံခဲ့ ကြလေသည်။

ဟံသာဝတီပျက်လိုသော် ကောင်းကင်က ခုနစ်ရက်တိုင်တိုင် မိုးရွာသကဲ့သို့ ကြယ်တို့သည် ကျွလေ၏။ ထုအတောင်နှစ်ဆယ် အလျားအတောင် လေးဆယ် ကျော် ငါးကြီးတကောင်အကြေဉ်တင်၏။ အိပြုံးတောင်ပြို၏။ ကုန်းတောင်ပို့ နေရာရွေ့၏။ မြေကြီးကွဲ၏။ ကျီးတစုသည် ဥကင်ရာဇပလ္လင်၌နား၍ ကျီးအများတို့ ဝိုင်းအုံ၍ နေသည်ကို ဖမ်း၍ ရွှေမောဓော ဘုရားမှာ လွှတ်ရလေသည်။

ဇမလကျောက်တိုင် အလိုလိုလဲ၏၊ မြစ်ရေလည်း ဒီတိုင်အောင် တမြစ်လုံးနောက်၏။ တဖန် ဆင်များရှင် ၁၀၇၆-ခုနှစ် ဗျမိုင်းတိရာဇာ ၁၁၀၅-ကြာသပတေးမင်း ၁၀၉၅-ခု အုပ်စိုး၏။ ဤတွင်၍ကား ဟံသာဝတီ မင်းဆက်ပေတည်း။

www.dhammaransi.com



# အကျွတ်အလွတ် စေတီများကို ပြန်လည် တွေ့ရှိပြုပြင်ခြင်း

**ရာဇဝင်တိမ်မြုပ်ခဲ့ပုံ။**

ဟံသာဝတီထီးနန်း ပျက်သုဉ်းခဲ့သည်နောက် မြန်မာ တနိုင်ငံလုံးကို သိမ်းကြုံးစိုးအုပ်ခဲ့သော မုဆိုးတဆယ် တစ်ဆက် အလောင်းဘုရားခေတ်၊ ထိုမှတဖန် မြန်မာ တို့၏ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုည သုဉ်းသုံးဝဟု ဆိုအပ်သည့်။ ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ရှစ်ရက်နေ့တွင် သီပေါမင်းအား ကုလား မျက်နှာဖြူ အင်္ဂလိပ်တို့ဖမ်းဆီးခဲ့သဖြင့် မြန်မာတို့ ထီးနန်းပျောက်ခဲ့ ရသည်မှစ၍ အင်္ဂလိပ်တို့ အုပ်ချုပ်သော ဗြိတိသျှ အစိုးရခေတ်။

ထိုနောက်တလီ ပန်-နီ အိ ရာသီချိန်ဝယ် သာကီရှိန် ထွန်းတောက်ပေလိမ့် ဟူသော ထပေါင် စကားအရ ကမ္ဘာ ပေါ်တွင် ဂျပန်၊ ဂျာမနီ နှင့် အီတလီ တည်းဟူသော ပန်-နီ အိ-တို့ ဘုန်းမီးနေလထွန်းပကာ ဝင်ရိုးတန်းသုံးနိုင်ငံ မဟာမိတ်ဖွဲ့ပြီး အင်္ဂလိပ်အမေရိကန် တို့ကို တိုက်ခိုက်သော ဒုတိယ ကမ္ဘာ စစ်ကြီး အတွင်း ခရာဇ် ၁၉၄၂-ခုနှစ်ကစ၍ ၁၉၄၅-ခုနှစ် တိုင်အောင် ၄-နှစ်မျှကြာသော ဂျပန်အစိုးရခေတ်။

www.dhammaransi.com



ထိုမှတဖန် ဂျပန်နယ်ချဲ့ကိုတော်လှန်၍ အင်္ဂလိပ်တို့ ထံမှ လုံးဝလွတ်လပ်ရေးရခဲ့ပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံ အဖြစ်သို့ ရောက်ခဲ့ ရသည့်။ ကိုယ့်မင်း ကိုယ့်ချင်းခေတ်ဟူ၍ ခေတ်ကြီးလေးခေတ်ကိုကျော်နင်း ဖြတ်သန်းလာခဲ့ရာ အထက်အဆိုပါ ဟံသာဝတီမြို့တော် ကြီးမှာ တောခြုံပိတ်ပေါင်းတို့ ဖုံးအုပ် လွှမ်းခြုံ လျက် မြို့ပျက်နေရာကို ပင်လျှင် အမှန်အကန် အတိအကျ မသိရသော အခြေသို့တည်ရှိခဲ့ပေသည်။

သမိုင်းရာဇဝင်တို့မည်သည် ငှက်ခါးပျံသကဲ့သို့ နိမ့်ဘုံ မြင့်တုံရှိ၍ လမင်းရောင်ခြည်ကဲ့သို့ ထွန်းလင်းသည့် အခါတွင် ထွန်းလင်း၍ အမှောင်ဖုံးသည့်အခါ တွင်လည်း မှောင်အတိ ဖုံးလွှမ်းအောင် ပျက်သုဉ်းခဲ့ကြ ပေရကား လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ဟူသော စကားနှင့် ညီလှပေသည်။

ဤအကျွတ်အလွတ် စေတီတော် မြတ်တို့သည်လည်း လောကစဉ်လာ ဓမ္မတာဖြစ်သော ရာဇဝင်ကြောင်းမှ တိမ်းစောင်း ရှောင်ဖယ်၍ ရနိုင်ဘွယ်ရာ မဟုတ်ကြပေ ရကား၊ ဟံသာဝတီနေပြည်တော်ကြီးနှင့်အတူ နှစ်ပေါင်း များစွာ တိမ်ကောကွယ်ပျောက်ခဲ့ကြရပေတော့သည်။

www.dhammaransi.com



**ကလေးဝဆရာတော်ရှာဖွေတွေ့ရှိခဲ့ခြင်း။**

သို့ရာတွင် ပတ္တမြားမှန်လျှင် ညွံတွင်နစ်သော်လည်း မညစ်စကောင်း ဟူသော ရှေးလူကြီး စကားပုံကဲ့သို့ အလွန်တရာ ခိုင်ခန့် မြဲမြန် လှသော အမြုတေဓါတ် ဖြစ်သည့်၊ မြတ်စွာဘုရား၏ သရီယဓါတ်တော် မွေတော် တို့ကို ဌာပနာ၍ ဘုန်းကံကြီးမားသော မင်းတို့၏ အာဏာစက် ဓမ္မစက်ဖြင့် ပန္နက်စိုက်ထူတည်ထားတော် မူခဲ့သော ဗုဒ္ဓ၏ ဥဒ္ဒိဿ စေတီတော်များကား ကမ္ဘာ ချဉ်းသော်လည်း ပျက်ယွင်းသည်ဟူ၍ မရှိစကောင်း။

သို့ဖြစ်သည့် အကြောင်း ကြောင့် တရံရောအခါ ရန်ကုန်မြို့ ရှစ်မိုင် ရေကူး-တံတားကလေးရွာ အနီးရှိ နာဂလိုဏ်ဂူ စေတီတော်မြတ်ကို ဦးစီးနာယကပြု၍ တည်တော်မူကာ အဆိုပါ နာဂလိုဏ်ဂူ ကလေးဝ တောကျောင်း၌ ယာပိုက်လေးလီ မျှည်တင့်ဆုံး သိတင်း သုံးတော်မူသော "ကလေးဝ ဆရာတော် ဦးသာဂရ အရှင်သူမြတ်သည်" အကျွတ်အလွတ် စေတီတော်များ အကြောင်း သူဟောင်းတို့ စကားကို တဆင့်မှ တဆင့် သတင်းကြားတော်မူခဲ့ရသဖြင့် ထိုစေတီတော် များကို သွားရောက် ရှာဖွေပြုပြင်ရန် စိတ်အား ထက်သန်တော် မူခဲ့ပေ၏။

www.dhammaransi.com



ဆရာတော် ဘုရားသည် ယင်းသို့ စိတ်အာရုံတွင် ထင်မြင် စွဲလန်းတော် မူဖန် များလတ်သော် တူတပည့် ဖြစ်သော ဤသမိုင်းစာ ရေးသားသူ လယ်တီအသျှင် ပဏ္ဍိဘအား ဟံသာဝတီပဲခူးနှင့် စပ်လျဉ်းသည့် ရာဇဝင် သမိုင်းအရပ်ရပ်ကို ရှာဖွေလေ့လာစေခဲ့ရာ မဟာကြီး တောရကျောင်း ဆရာတော်မှတဆင့် ရာဇဝင်ပေမူ တစောင်ကို ရရှိခဲ့ပေသည်။


ထိုအခါ ကလေးဝ တောကျောင်း ဆရာတော် ဘုရားကြီးသည် အဆိုပါရာဇဝင်သမိုင်းကို အခြေခံပြု၍ ပဲခူးမြို့ အနောက် တောတွင်းရှိ မဟာကြီး တောရ ကျောင်းမှတဆင့် အကျွတ်အလွတ် စေတီများ ရှိရာသို့ ၁၃၂၁ - ခုနှစ် ကဆုန်လဆန်း ၉-ရက် (၁၅-၅-၅၉) သောကြာနေ့တွင် နောက်ပါ အိန္ဒိယ ဘာဘူလူမျိုးများ နှင့် မြန်မာဒါယကာ ဒါယိကာမ အပေါင်း ၃၂-ဦး တို့ပါ အတူကြွတော်မူခဲ့ရာ၊ မဟာကြီး စေတီ၏ အနောက်ဘက်ရှိ ဝါးတောကြီးတခုအတွင်း ကုန်းမြင့် ယောင်ယောင် တောင်ငယ်ပမာ ရှိနေသော နေရာသို့ ရောက်တော်မူခဲ့လေသည်။ ထိုအချိန် ထိုအခါ၌ ထိုအရပ်မှာ ကျားနေဆင်အောင်း သားရဲတို့ခိုအောင်းရာ ဌာန ဖြစ်ရုံမက သူပုန် သူကန် ဘေးရန် အန္တရာယ် အသွယ်သွယ်တို့ ကျက်စားသောဒေသ ဖြစ်နေရကား

www.dhammaransi.com



တပည့်တကာတို့မှာ စိုးရိမ်ကြောင့်ကျ သောကထပ်ပွား များစွာပူပန်ခဲ့ကြရကုန်၏။

သို့သော်ငြားလည်း ဆရာတော်ဘုရားသည် အဆိုပါ ဝါးတောဓါ၏အလယ်၌ မဟာရံ တံတိုင်းနှင့် တကွသော အကျွတ် စေတီ တော် ကိုရင်း၊ ထိုမှ တဆင့် မြောက် ယွန်းယွန်း ကိုက်လေးရာခန့် အကွာတွင် တည်ရှိသော အလွတ်စေတီတော်ကိုရင်း၊ ခြုံပိတ်ပေါင်းတို့အောက်တွင်



အကျွတ်အလွတ် ဘုရားအနီး ကလေးဝ ဆရာတော်
ခေတ္တသီတင်းသုံးတော်မူခဲ့သော
ယာယီတဲကျောင်း

www.dhammaransi.com



ဖူးမြော် တွေ့မြင်တော် မူခဲ့ရ သဖြင့် ရွှင် လန်း ဝမ်းမြောက်တော်မူလေသည်။

ထိုမှတဖန် နိမိတ်တိုင်ထင်ရှားရှိသော သိမ်တော်ဟောင်း ၂-ခု၊ မင်္ဂလာခေါင်းဆေးကန်၊ နတ်ရေတွင်း၊ အောင် စည် ရွှမ်း စေ တီ စသည့် တို့ကိုလည်း မရှေး မနှောင်းပင် ကောင်းစွာ တွေ့ရှိတော်မူခဲ့ ပြန် သဖြင့် ထိုအဆောက်အဦး အဟောင်း များတည်ရာ အရပ်တို့ကို ရှင်းလင်းခုတ်ထွင်ပြုပြင်တော်မူရန် သဒ္ဓါတရား ဖြစ်ပွား ပေါ်ပေါက်တော်မူခဲ့ ပြန်လေသည်။

ထို့နောက် တဖန် ၁၃၂၂-ခုနှစ် ကဆုန်လပြည့်ကျော် ၉-ရက်နေ့တွင် ကလေးဝ ဆရာတော် ဘုရား ကိုယ်တိုင် နောက် လိုက် နောက်ပါ ရန်ကုန်မှ ဒကာ ဒကာမ အများနှင့်အတူ ထိုဒေသသို့ ကြွတော်မူ၍ မဟာကြီး ကျောင်း ဆရာတော်နှင့် ဦးပဥ္စင်းများပါ အားလုံးတို့ စုရုံးတိုင်ပင်ကြပြီးမှ ၎င်းစေတီတော်မြတ်များ အပေါ်၌ ဖုံးအုပ်နေသော သစ်ပင် တောခြုံများကို ခုတ်ထွင် ရှင်းလင်းကြကာ မဟာကြီးဆရာတော်ထံမှ ဦးပဥ္စင်းကြီး တပါးကို ညွှန်ကြား တိုက်တွန်းပြီး အကျွတ် အလွတ် စေတီတော် ၂-ဆူအကြား သိမ်ပေါ်တွင် ကမ္မဋ္ဌာန်း ကျောင်းကလေး ဆောက်လုပ် စေ၍ ရ ဟန်း တို့ ၏ သိက္ခာပုဒ်အတိုင်း ဝါကပ်ဆို စေခဲ့ပြီးနောက် တဝါ

www.dhammaransi.com



အကျွတ်တွင် ထိုရဟန်းတော်မှာမကျန်းမာသောကြောင့် ရွှေ့ပြောင်းသွားခဲ့ရလေသည်။

ဤင်းနောက် ၁၃၂၃-ခု တံကူး လပြည့် ကျော် တွင် ကလေးဝ ဆရာတော် ဘုရားကြီး တခေါက် သွားပြီးမှ မဟာကြီး ဆရာတော်နှင့် ၎င်း၏ တပည့်ကြီး ဦးနန္ဒိယ စသောပုဂ္ဂိုလ်တို့အားတိုင်ပင်၍ခုတ်ထွင်ရှင်းလင်းပြီးလျှင် စေတီနှစ်ဆူအကြား ဝါးရုံအောက်၌ ဝါးတိုင် ဖက်မိုး ဝါးကြမ်းမလုံမခြုံနှင့် ယာယီတဲကျောင်းငယ်တဆောင် ဆောက်လုပ်ကာ ၁၃၂၄-ခု၊ တန်ကူး လ ပြည့် ကျော် ၅-ရက်၊ ဗုဒ္ဓဟူးနေ့မှစပြီး ကလေးဝ ဆရာ တော်ကြီး တပါးတည်းသီတင်းသုံးလျက် မဟာကြီး ဆရာတော်၏ တပည့်ကြီး ဦးနန္ဒိယ၊ ဦးဥတ္တမစသော သံဃာတော် ၇-ပါး၊ ရန်ကုန်မြို့ မေ်ာတင်လမ်း ကျောင်း ဒကာ ဦးကျင်သိန်း၊ မော်လမြိုင်မြို့နေ ဆေးဆရာ ကလေး၊ ပန်းရံဆရာကြီးဦးသာရင် စသောပုဂ္ဂိုလ်ခြောက်ယောက် တို့အကူအညီဖြင့် ထိုစေတီဟောင်း စေတီပျက်များ၏ ထိပ်တွင် ကိုးတောင်ပြည့်စေတီငယ်တဆူစီ အာစုစုစေတီ ၂-ဆူ တည်ထားခဲ့လေသည်။

ထိုအခါက မဟာကြီးကျောင်းဇရပ်တွင် တည်းခို၍ ဗုဒ္ဓဝေယျာဝစ္စ သံဃဝေယျာဝစ္စ ဆောင်ရွက်ကြသော ဥပါသကာ ဥပါသိကာများမှာ ဦးကျင်သိန်း၊ ဆရာကလေး၊

www.dhammaransi.com



မောင်အောင်သန်း၊ ရသေ့ဒေါ်နန္ဒစာရီ၊ ဒေါ်အေးသင်္ဂီ၊ ဒေါ်သုဓမ္မစာရီတို့အပြင်။ အခြားလူပေါင်းများစွာနှင့် ဘည်ဆောက်ကြလေသည်။

ထိုနောက်ဘဖြန် ၁၃၃၄-ခု ကဆုန်လဆန်း ၃-ရက် အင်္ဂါနေ့နံနက် ၁၁-နာရီခွဲတိတိအချိန်တွင် ရန်ကုန်မြို့မှ ကားပေါင်း ၂၇-စီးဖြင့် လူကြီး လူကောင်း၊ ဒကာ ဒကာမအပေါင်းတို့က စေတီတော် ၂-ဆူကို ထီးတော် တင်၍ သံဃာတော် ၂၇-ပါးတို့နှင့် အနေကဇာဘိသိက် ပွဲသဘင် ဆင်ယင်ကျင်းပခဲ့ပေ၏။ ၎င်းနောက် ကလေးဝကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မင်္ဂလာ အတိတ် နိမိတ်ကောင်းသော အကျွတ်အလွတ်ဌာနတွင် နောင်အစဉ်ဗုဒ္ဓမြတ်စွာသာသနာတော် ပွင့်လင်းသာယာ နိုင်ရန် ရည်သံတော်မူ၍ မဟာကြီးဆရာတော်၏ တပည့် ဦးပဥ္စင်း ရှင်ဥတ္တမအား ဝါဆိုဝါကပ် သီတင်းသုံးနိုင်ရန် မဟာကြီး ဆရာတော်ထံ ခွင့်ပန်၍ ပဲခူးမြို့ ကိုယ့်မင်း ကိုယ့်ချင်းလမ်းနေ ကျောင်းဒကာကြီးဦးထွန်းမောင်နှင့် ဇနီး သားသမီး တို့အား ကလေးဝ တောကျောင်း ဆရာတော်ကြီးက တရားဓမ္မဟောပြပြီးမှ ကမ္မဋ္ဌာန်း ကျောင်း ဆောက်လုပ်စေပြီးလျှင် ရဟန်း ငယ် ရှင်ဥတ္တမအား စေတီယင်္ဂဏဝတ်၊ သေနာသနဝတ်ကိစ္စ

www.dhammaransi.com



တို့ကိုဆောင်ရွက်စေရန် တာဝကာလိကအပ်နှံဆောင်ရွက်စေခဲ့လေသည်။

ထိုပုဂ္ဂိုလ်လည်း အသက်ကို ငဲ့ကွက်ခြင်း မရှိဘဲ ကလေးဝ ဆရာတော်၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်၍ နေခဲ့သည်ကို ဆရာတော် နှစ်သက်တော်မူသောကြောင့် ၁၃၂၄-ခု သီတင်းကျွတ် လပြည့်ကျော် ၈-ရက်နေ့တွင် ရန်ကုန်မြို့မှ ဒကာဒကာမပေါင်း များစွာတို့နှင့် ၎င်းဌာနသို့ကြွတော်မူကာ ကြီးကျယ် ခန်းနားသော မင်္ဂလာကထိနသင်္ဘာန်ကို ဆင်ယင်ကျင်းပတော်မူပြန်လေသည်။ တဆောင်မုန်း လဆန်း ၁၁-ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတောင်ကြား လမ်း အမှတ် ၅၁-နေ ဘုရားဒကာ ဦးဖေဝင်း ဘုရားအမ ဒေါ်နုနု တို့၏ ၂-လုံးတွဲ ကုဋိကိုဆောက်လုပ်၍ အောင်စည်ရွှန်း ဘုရားစေတီ ဟောင်းတွင်လည်း တောခို့ ခုတ်ထွင်း ရှင်းလင်းကြသည်။ တဖန် အကျွတ်အလွတ် စေတီတော်များနှင့်ပတ်သက်သော ဝေယျာဝစ္စ ဟူသမျှတို့ကို ပဲခူးအနောက်ရဲကင်းဌာနာပိုင် ဦးအောင်သန်းအစ အားလုံးသော တပည့်တို့သည်၎င်း။ အခြား လေးဌာန ပိုင်ရှင် ပုဂ္ဂိုလ်တို့သည်၎င်း၊ အထက်အထက် ဖြစ်သော အရာရှိကြီးငယ်တို့ပါမကျန် အားလပ်သော အချိန် များတွင်

www.dhammaransi.com



ဗုဒ္ဓဝေယျာဝစ္စ သာသနာ့ကိစ္စ တာဝန်တို့ကို သက်စွန့်ကြိုးပန်းဆောင်ရွက်ကြခဲ့ပေသည်။

ထိုနောက်တဖန် ၁၃၂၄-ခုသတင်းကျွတ်လပြည့်ကျော် ၈-ရက် စနေနေ့ နံနက် နေထွက် ၇-နာရီ အချိန်တွင် ကလေးဝ ဆရာတော်ဘုရားကြီးအမိန့်အရ နေ့၊ည၊ နာရီကိုက် နေထွက်မှန်သောကြောင့် ရန်ကုန်မြို့ရွှေဘုံသာလမ်း အမှတ် ၈၇-နေ ဦးလာလား၊ ရွှေစင် ဓာတ်ပုံတိုက်ရှင် ဦးခင်မောင်အေး၊ ကျောင်း ဒကာကြီး ဦးကျင်သိန်း၊ လက်သမား ဆရာကြီး ဦးသာခိုင်၊ ကုန်သည်ကြီး ဦးကျင်မောင်၊ ကုန်သည်ကြီး ဦးဘလှ၊ ဝေယျာဝစ္စ ဆရာတော်ဦးနန္ဒိယ၊ ဦးဥတ္တမ၊ သမိုင်း ဦးဥတ္တ၊ ဦးပရမ၊ ဒကာတော်ကြီး ဦးကျင်ချိန်း - ဒေါ်ချိန်ကီး၊ အမေ ဒေါ်ကျင်မြိုင်၊ ကိုကျော်စိန် - မဘောဘီ၊ ကိုမင်းစိန်၊ မောင်တင်အေး၊ ရသေ့မ အိန္ဒိယသူ - ဒေါ်စုစီလ၊ ဒေါ်သုမမ္မစာရီ၊ ဒေါ်တင်လှ၊ ဒေါ်စောတင်၊ ဦးစိုး၊ ဦးသိန်းအောင်၊ ဦးရွှေလောင်း၊ ရန်ကုန်မြို့နေ အလုံရပ် အမျိုးသားစာပုံနှိပ်တိုက်ရှင် စာရေးဆရာကြီး ဦးလှဒင်နှင့် ဇနီးသားသမီးမိတ်သင်္ဂဟာဆွေမျိုးတစုတို့ပါ ပျော်ပျော်ပါးပါး ရှင်းလင်းကြလျက်အလျားပေ ၆၁-အနံပေ ၃၀-ရှိ ကျောင်း မဏ္ဍပ်ကြီးကို သာသနာ့ အခွန့် ရှည်စေရန်

www.dhammaransi.com



တည်ဆောက်ကြ ကြောင်းဖြင့် သိရှိရန် အကျဉ်းချုပ် မှတ်သားထားခဲ့ပေသတည်း။

**ခရီးစဉ်**

အကျွတ်အလွှတ် စေတီတော်များ တည်ရှိရာဌာနမှာ ပဲခူးမြို့ အနောက်ယွန်းတွင် တည်ရှိသဖြင့် ဘုရားဖူး သွားလိုသူများ အလွယ်တကူ သွားရောက် ဖူးမြော် နိုင်စေရန် လမ်းညွှန်အပ်ပေသည်။

ပဲခူးမြို့ ရွှေသာလျောင်း ဘုရားကြီးမှာ လူတကာ သိပြီးဖြစ်ကြရာ ရှေးဦးစွာပထမ ထိုရွှေသာလျောင်း ဘုရားကြီးသို့ ရောက်အောင် သွားရန် လိုပေသည်။ ထိုမှတဆင့် မဟာစေတီကြီး (ယခုအခါ ပြန်လည်ပြုပြင် တည်ဆောက်ဆဲဖြစ်သည်) သို့သွားပါလေ။ မဟာစေတီ ယင်ပြင်သို့ ရောက်သော် အနောက်တောင် ယွန်းသို့ သွားသော ကားလမ်း လှည်းလမ်းအတိုင်း ဆက်လက် သွားပါလေ။ တမိုင်ခွဲ ခန့်တွင် ရဲကင်းဂိတ် တခုတွေ့နိုင် ပေ၏။

ထိုရဲကင်းဂိတ်မှ ရှေ့သို့ဆက်သွားသော် ရွှေဂူလေး ဘုရားစေတီနှင့် ကိုးသိန်းကိုးသန်း ဘုရား စေတီများကို လှမ်း၍ မြင်နေရပေပြီ။ သို့သော် ထိုဘုရားများသို့ မသွားဘဲ ရဲကင်းဂိတ်အနီးရှိ လှည်းလမ်း အတိုင်း

www.dhammaransi.com



အနောက်ဘက်သို့ ဆက်လက်လိုက်သွားသော် မကြာမီ ခြေလမ်းတခု တွေ့ရပေလိမ့်မည်။

ထိုခြေလမ်း အတိုင်း လိုက်ရှောက်သော် နှစ်ဖါလုံ ခန့်တွင် ချောင်းငယ်တခု သစ်သားတံတားဖြတ်ကူးလျက် တွေ့ရပေလတံ့၊ ထို ချောင်း ကို မဇင်း ချောင်း ဟု ခေါ်လေသည်။

ထိုချောင်းကို တံတားမှ ဖြတ်ကျော် ခဲ့ပြီး နောက် ဆက်လက်သွားပြန်သော် မဟာကြီးစေတီသို့ရောက်၏။ မဟာကြီး စေတီကုန်းမှဖြတ်၍ အနောက်သို့ ကျော်ခဲ့ ပြန်သော် လမ်းအနီးရှိ စေတီပျက်တခုတွေ့ရပေလိမ့်မည်၊ ထိုစေတီကား အောင်စည်ရွမ်းစေတီ ဖြစ်သတည်း။

ထိုမှတဆင့် သွားပြန်သော် အနီးရှိ မဟာကြီး တောရကျောင်းကို ဝင်ခဲ့ပြီးနောက် ချောင်းငယ်တခုကို ဖြတ်ကျော်လေသော် အကျွတ်အလွတ် ဘုရား ကုန်းကို ရှေ့တဖါလုံခန့်တွင် အထင်းသားတွေ့မြင်ကြရပေလိမ့်မည်၊ ယခုအခါ ထိုအနီးတဝိုက်တွင် ယခင်ကကဲ့သို့ ကျားနေ ဆင်အောင်း ခြုံပိတ်ပေါင်းနှင့် ဝါးရုံ တော ကြီး များ မရှိတော့ဘဲ သာယာသောရှုခင်းနှင့် ယာ လုပ် ရန် ကောင်းသော ဖုံးဆိုးမြေတို့ ခြံရံလျက် သူတော်ကောင်း များနှစ်လိုဘွယ်ရာ ဆိတ်ညိမ်စွာ တည်ရှိပေသတည်း။

www.dhammaransi.com



မှတ်ချက်။ ။ယခု နောက်ဆုံး အခြေအနေအရ
ကလျာဏီသိမ် ရွှေလမ်းအတိုင်း အနောက်
တည့်တည့်သို့ရွှေဂူလေး ဘုရား အနီးက တဆင့်
အကျွတ်အလွတ်အထိ ဖြတ်လမ်း ကားလမ်း
တခုကို ကလေးဝဆရာတော်ဆန္ဒဖြင့် ဖေါက်လုပ်
ထား၍ ကားများတိုက်ရိုက် သွားနိုင်ပြီ ဖြစ်ပါ
ကြောင်း။

လယ်တီအသျှင်ပဏ္ဍိတ
နာဂလှိုဏ်ဂူ
ကလေးဝတောကျောင်း
ရန်ကုန်မြို့။

www.dhammaransi.com

### အထက်ချင်းတွင်းခရိုင် ကင်းတပ်မြို့တွင် အလောင်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော

## နန်းဦးရွှေဘုံသာ စေတီတော်ကြီး

### သမိုင်း အကျဉ်းချုပ်။

မဟာသမတ အာဒိစ္စနွယ်မျိုး နေနန်းရိုး ဖြစ်တော်မူသော ရတနာသိင်္ဃမြို့တည် နန်းတည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည်၊ မဏိပူရ ပြည်သို့ ချီတက်တော်မူ ရန် သက္ကရာဇ် (၁၁၂၀) ပြည့်နှစ် တန်ဆောင်မုန်း လဆန်း ၂-ရက်နေ့တွင် ကိုယ်တော်တိုင် ဗိုလ်မှူး တပ်မှူး ရဲဘက် စစ်သည်တော် အပေါင်းနှင့် နေပြည်တော် ရတနာသိင်္ဃမှ ကျောက်မြောင်းဆိပ်သို့ သက်ဆင်းတော်မူ၍ ကရဝိတ် ဖေါင်တော် စီးနင်းခါ ဧရာဝတီမြစ်ကြောင်း စုံဆင်းတော်မူပြီးလျှင် မြစ်ဆုံသို့ ရောက်သောအခါ သလ္လာဝတီချင်းတွင်းမြစ်ကြောင်းသို့ စခန်းစဉ်အတိုင်း ဆန်တက်တော်မူလာရာ၊ မော်လူးရွာ ဆိပ်ကမ်းသို့ရောက်တော်မူလျှင် ဤကျွန်းမြေအရပ်သည် ဘူမိ နက် သန် မြေ ကြန် လက္ခဏာ နှင့် ကောင်း စွာ ညီညွတ်သော နတ်ကျွန်း တောင်မြေ ဖြစ်ပေ သည်ဟု

www.dhammaransi.com



တပ်တော်ချရပ်၍ စံနန်းတော်နှင့် စံမြန်းနားနေတော်မူကာ အောင်မြေနင်းတော်မူပြီးမှ မြစ်၏အနောက်ဘက်ကမ်းမော်လူးရွာသို့ ကူးတော်မူ၍ ချောင်းရိုးလမ်းစဉ်အတိုင်း ချီတက်တော်မူလေသည်။

ထိုသို့ ချီတက်တော် မူရာ တာ ၁၀၀၀-ရောက်တိုင်း လက်ဝဲ လက်ျာ ခရီးလမ်း တလျှောက်ရှိ အမိကရ သစ်ပင်ကြီးများတွင် ဆင်တရပ်ခန့်အမြင့်၌တွင်းဖေါက်၍ ဘုရားရုပ်ပွားတော်ဘဆူကျ သွင်းထား ကိုးကွယ်တော်မူရာ၊ မော်လူးရွာမှ တမူးမြို့ထိ ရုပ်ပွားတော် ၂၉-ဆူ တမူးမြို့မှ ကက်စိန်စခန်းထိ ၂၉-ဆူ ရှိတော်မူလေသည်။

ငင်းကက်စိန်စခန်းမှ ချီတက်တော်မူ၍ မဏိပူရမြို့ကို ပြာသိုလဆန်း ၁၄-ရက်နေ့တွင် သိမ်းယူအောင်မြင်တော်မူလေသည်။ ထိုမဏိပူရမြို့ကို (စန္ဒရော်မော်နီ) အား အအုပ်အချုပ် ခန့်ထား လွှဲအပ်တော် မူခဲ့ ပြီးနောက် တပ်တော်လှည့်၍ ပြန်လည်တော်မူခဲ့ရာ တမူးမြို့သို့ ရောက်သောအခါ သားတော် မြေဒူးမင်း သီရိသုဓမ္မ ရာဇာကို နေပြည်တော်သို့ အလျှင်အမြန် ပြန်နှင့်စေပြီး တမူးမြို့ကို စက်ရောင်ဘီလူးအား တပ်မှူး ခန့်တော်မူ၍၊ စစ်သည်တော်တပ်သား ၅၀၀-နှင့် မြို့စောင့် ထားတော်မူခဲ့လေသည်။

www.dhammaransi.com



နတ်ကျွန်း တောင်ဇမြေ စခန်းသို့ တပို့တွဲလဆန်း ၁-ရက်နေ့တွင် ပြန်လည်ရောက်ရှိတော်မူ၍ ကွန်းတော် နန်းဖြင့် တန့်နားစံနေတော်မူစဉ်၊ ၎င်း နန်း တော် မှ အရှေ့ကို စိန်တထောက်၊ အနောက်ကို ချင်းတွင်းမြစ် ရေလည်ကျော၊ တောင်ကို စိန်တထောက်၊ မြောက်ကို စိန်တထောက်အတွင်းသာထွန်း နန်းမြေ ကင်းတပ်တော် တွင်စေ ဟု နယ် လေး ရပ် သတ် မှတ် တော် မူ ပြီး ဝေနေယျတို့ မင်္ဂလာ ကောင်းကျိုး ပွားတိုး များစွာ သာသနာ အဓွန့် ရှည် ကြာ စွာ တည် စိမ့် ဟသာ ငှာ ရည်သန်တော်မူသဖြင့် စံနန်းတော်ဦး ကုန်းထိပ်မော်တွင် သရိယဓာတ် မွေတော်မြတ်တို့ ကိန်းဝပ်တော် မူရန် ရွှေအုပ်၊ ငွေအုပ်၊ ပတ္တမြားအုပ်၊ ပဉ္စလောဟာအုပ် တို့ကိုစီမံပြုစုတော်မူပြီးလျှင် ဓာတ်တော်ခုနစ်ဆူ သတ္တ ဌာနများနှင့်တကွ သားတော် မြေဒူး မင်း သား နှင့် အမြင့် မင်းသားတို့ ကိုယ်စား ရွှေဆင်းတု နှစ် ဆူ နှင့် ငွေဆင်းတုနှစ်ဆူ ဗိုလ်မှူး တပ်မှူး ရဲဘက်စစ်သည်တော် တို့ကလည်း သဒ္ဓါတတ်အားသမျှ ရွှေဆင်းတု၊ မိုးကြိုး ဆင်းတုများနှင့်တကွ ပရိဘောဂစေတီများကို အသီးသီ သွင်းထားဌာပနာ၍ စေတီတော်ကို ကောင်း မွန် စွာ တည်ထားတော်မူသည်။

www.dhammaransi.com



စေတီတော်ကြီး ပြီးစီးအောင်မြင် ထီးတော်တင်တော်မူသောအခါ သံဃာတော် ၈-ပါးပင့်ဆောင်၍ အနေကဇာဘိသိက် တင်မြှောက်တော်မူပြီးလျှင် (နန်းဦးရွှေဘုံသာ) ဘွဲ့သညာဖြင့် ကဗျည်းမော်ကွန်း ထိုး၍ ကိုးကွယ်တော်မူခဲ့လေသတည်း။

အလောင်းမင်းတရားကြီး စစ်ချီတက်ရာတွင် တပ်တော်ဦးမှ အမြဲပင့်ဆောင်၍ ပူဇော်ကိုးကွယ်တော်မူခဲ့သော ဒက္ခိဏာသာခါ ရုပ်ပွားတော် နှစ်ဆူမှာ မင်းတရားကြီး စံမြန်းသွားသည့် နန်းတော် နေရာတွင် ဆောက်လုပ်ထားသဖြင့် မင်းကျောင်းဟု အမည်တွင်သောကျောင်းတိုက်တွင် ယခုတိုင်ရှိ၍ ဆရာတော် အစဉ်အဆက် အထူး စောင့်ရှောက် ကိုးကွယ်တော်မူကြလေသည်။

ထို့နောက် စေတီတော်ကြီးကို သက္ကရာဇ် ၁၂၅၁ ခုနှစ်တွင် ကင်းတပ်မြို့ ဩဘင်ဝိုင်းဆရာတော်ဦးသီရိနှင့် မင်းကျောင်းဆရာတော် ဦးအာစရတို့ကြီးမှူး၍ ပျက်စီးသမျှ ထပ်မံ ပြင်ဆင်ခဲ့ကြပါသည်။ တဖန် သက္ကရာဇ် ၁၂၉၀-ခုနှစ်တွင် ဒုတိယဩဘင်ဝိုင်းဆရာတော် ဦးကေတု မင်းကျောင်း ဆရာတော် ဦးနန္ဒဝံသ၊ မြို့သူကြီးမင်း ဦးရဲလှ၊ ပင်စင်ရိက္ခာတော်ရ မြို့အုပ်မင်း ဦးလူကျော်၊ ကုန်သည်ကြီး ဦးချိန်၊ ငွေတိုက်ရုံးစာရေးကြီး ဦးအောင်

www.dhammaransi.com



မိုးတို့ ကမ္ဘာထပြုလုပ်၍ ထပ်မံ ပြုပြင် ဘိနပ် တော်မှ ထီးတော်အထိ ရွှေသင်္ကန်းမွန်းမံ ကပ်လှူကြပြန်ပါသည်။ ထိုသို့ ရှေးဘုရား အလောင်း သူ တော် ကောင်း တို့ နှလုံးမူ၍ လောကီလောကုတ် မယုတ်တိုးပွား အကျိုး များစိမ့်သောငှာ အလောင်း မင်းတရားကြီးမှ အစ အခါ ကာလ အလျောက် ဒါယကာ ပေါ်ပေါက် ခါ စေတီတော်ကြီးအားပြုပြင်၍ လာကြ ပါသော်လည်း ယခုအခါ ဒုတိယကမ္ဘာစစ် ဒဏ်ရာကြောင့် ပျက်စီး၍ နေခဲ့ရာ ဘာသာ အယူအဆ ဝိဝါဒကွဲပြား သဒ္ဓါခေတ် နည်းပါးကြသည်တရပ်၊ တိုင်းပြည်မငြိမ်းချမ်း လမ်းပန်း မသာ သွားလာရန် ခက်ခဲသည်တချက်၊ သီလဂုဏ် သမာဓိ ဂုဏ် တို့ဖြင့် ပြည့်စုံ၍ သဒ္ဓါဟုန် ဖေါ် နှိုး၊ ကြောင်းကျိုး ညွှန်ပြ ဩဝါဒ အထူးဖြင့် အမှုး ပြုနိုင်မည့် ပုဂ္ဂိုလ် မပေါ် သေးသည့် အတွက် စေတီတော်ကြီးမှာ ဒါယကာ မျှော်ကိုး၍ နေခဲ့ရရာ ကာလအတော် ကြာညောင်းခဲ့ပေသည်။

ထိုအခါ ကလေးဝမြို့ သာသနာပြု တောကျောင်း ဆရာ တော် ဘုရား ယခု အခါ ရန်ကုန်မြို့ ရှစ်မိုင် တံတားကလေး နာဂလိုဏ်ဂူ စေတီတော် မြတ်ကြီးကို ကြီးမှူးခါ တည်ထားခဲ့သော ကလေးဝ တောကျောင်း ဆရာတော် ဘုရားကြီးသည် ထိုအခါက ကင်းတပ် မြို့

www.dhammaransi.com



မင်းကျောင်း တိုက်တွင် ၁၃၁၄-ခုနှစ် ဝါဆိုလမှ စ၍ သီတင်း သုံးတော် မူခိုက် ကြုံကြိုက်သဖြင့် ဒါယကာ ဒါယိကာမများတို့၏ အခါခါ လျှောက်ထားတောင်းပန် ခြင်းကို သနားဂရုဏာ ရှေ့ရှုတော်မူသည့်ပြင် ရာဇဝင်နှင့် ဆက်စပ်သည့် စေတီတော်မြတ်တဆူ ဖြစ်တော် မူသည့် အလျောက် ကလေးဝ တောကျောင်း ဆရာတော် ဘုရားကြီး ကိုယ်တိုင် နာယက ဦးစီး အကြီးအမှူး ပြုလုပ်ကာ ထိုစေတီတော်မြတ်ကြီးကိုလည်း တည်ထား ခဲ့ပြီဖြစ်ကြောင်း နောင်လာ နောက်သားတို့ သိမှတ်ကြ စေရန် ဤထွင် သမိုင်းစာပေ အကျဉ်းမျှသာ ရေးသား အပ်ပါသတည်း။

www.dhammaransi.com

# ပုံနှိပ်ထုတ်ဝေသူ အာသီသ

လယ်တီ အသျှင်ပဏ္ဍိတ ရေးသားအပ်သော ဤအကျတ်အလွတ် ဘုရားသမိုင်းကို ကျေးဇူးရှင် ကလေးဝ ဆရာတော်ဘုရားကြီးအား အလေးအမြတ်ပြုသောအားဖြင့် မိမိ တတ်စွမ်းသော အင်အား အလျောက် အရင်းအနှီးပြု၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ ဤစာအုပ်မှ ရရှိသော အကျိုး အမြတ် တို့သည် ကျေးဇူးရှင် ကလေးဝ ဆရာတော်ဘုရား၏ သာသနာပြု လုပ်ငန်းများ၌ အထောက်အပံ့ ဖြစ်စေသတည်း။

ဦးလှဒင်
ပုံနှိပ်ထုတ်ဝေသူ

www.dhammaransi.com

နာဂလှိုင်ဂူ

# လယ်တီ အသျှင်ပဏ္ဍိတ

ရေးသားအပ်သော ကျမ်းစာများ

---

ပဌမ ၁။ ဗုဒ္ဓဝါဒ မဏ္ဍိုင်ကျမ်းက အကျဉ်းသခေ်ပ၊


ဒုတိယ ၂။ ဗုဒ္ဓဝါဒ မဏ္ဍိုင်ကျမ်းအကျယ်၊

ဘတိယ ၃။ ဗလငါးတန် လမ်းညွှန်-ပဏ္ဍိတ နီတိကျမ်း သခေ်ပ၊

စတုတ္ထ ၄။ ဗလငါးတန် လမ်းညွှန်-ပဏ္ဍိတ နီတိကျမ်း အကျယ်၊

ပဉ္စမ ၅။ လယ်တီသာသနာရောင်၊

ဆဋ္ဌမ ၆။ ပဲခူးသာသနာဝင် အကျတ်အလွတ်သမိုင်း၊




အကျွတ်အလွတ် ဘုရားသို့ ခရီးစဉ်

www.dhammaransi.com